# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၁၃) ရက် ၊ တနင်္လာနေ့ ၊ (6-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်စဉ်။

**နေပြည်တော် မေ ၅**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II )၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဝဏ္ဏမောင်လွင်၊ဒေါ်ဒွဲဘုမန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများ၊နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၆ ရက်
အယ်ဒီတာ့အာဘော်

# သတိပြုဖွယ် မိုးကြိုကာလ သဘာဝဘေးအန္တရာယ်

မိုးလေဝသပညာရှင်များက မေ ၁၅ ရက်နောက်ပိုင်းကို မိုးကြိုကာလဟုသတ်မှတ်ကြသည်။ မိုးကြိုကာလဖြစ်သော မေ၊ မေလတို့တွင် ရာသီဥတုသည် အပူအအေးမညီမျှမှုကြောင့် မိုးတိမ်တောင်များဖြစ်ပေါ်တတ်သည်။ မိုးတိမ်တောင်များနှင့်အတူ ပါလာတတ်သည့် လေစီးကြောင်းများသည် လေပွေလှိုင်းများဖြစ်ပေါ်စေတတ်ပြီး ၎င်းလေပွေလှိုင်းများမှတစ်ဆင့် သဘာဝဘေးအန္တရာယ် လေပြင်းတိုက်ခတ်ခြင်းတို့ကိုဖြစ်ပေါ်စေတတ်ပါသည်။

မြန်မာနိုင်ငံ၌ ယခုကဲ့သို့ မုတ်သုံအကြိုကာလတွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်လျက်ရှိသည်။ အပူချိန်ကွာခြားမှုနှင့် မိုးတိမ်တောင်များဖြစ်ပေါ်လာမှုက မိုးကြိုးပစ်ခြင်း၊ မိုးထစ်ချုန်းခြင်းများကိုဖြစ်ပေါ်စေသည်။ ထို့ပြင် မိုးကြိုကာလ၌ လေပြင်းတိုက်ခတ်ခြင်းနှင့်လေဆင်နှာမောင်းတိုက်ခတ်ခြင်းတို့ကိုလည်း ကြုံတွေ့ရတတ်ပေသည်။

ရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း မိုးကြိုကာလနှင့်မုတ်သုံအဝင်ကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။

အဆိုပါသတိပေးနှိုးဆော်ချက်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်သက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲပိုင်း၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်၊ ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ ထိ တိုက်ခတ်နိုင်သည်ဟု ဖော်ပြထားပါသည်။

မိုးကြိုကာလတွင် မုန်တိုင်းအန္တရာယ်ကိုသာမက မိုးကြိုကာလတွင်ဖြစ်ပေါ်တတ်သော မိုးတိမ်တောင်များကြောင့် နေရာဒေသအချို့တွင် နေရာကွက်၍ မိုးကြီးခြင်း၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်စေပါသည်။ ၎င်းတို့အနက် မိုးကြိုးအန္တရာယ်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ မိုးကြိုးအန္တရာယ်သည် မိုးကြိုကာလ၊ မိုးဦးကျကာလ၊ မိုးလယ်နှင့် မိုးနှောင်းကာလတို့တွင် အန္တရာယ်ပေးလေ့ရှိပါသည်။

သို့ဖြစ်ရာ မိုးကြိုကာလတွင်ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ အာရုံစူးစိုက်နားထောင်ခြင်း၊ လျှပ်စီးလက်၍ မိုးကြိုးပစ်နေချိန်တွင် အပြင်မထွက်ခြင်း၊ တောင်ယံကမ်းပါးတို့တွင် နေထိုင်ကြသူများ တောင်ပြိုမည့်အန္တရာယ်ကို သတိထားစောင့်ကြည့်ခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်သည်။ ထို့ပြင် ပြည်သူများနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြရန် အကြံပြုရေးသားလိုက်ရပေသည်။

# ရေဝတီမြစ်ရေ ရုတ်တရက်မြင့်တက်လာနိုင်ခြင်းကြောင့် မြစ်ကမ်းဘေးရှိကျေးရွာများ သတိပြုနေထိုင်ကြရန်လိုဟုဆို

**မန္တလေး မေ ၅**

ဧရာဝတီမြစ်ရေ ရုတ်တရက်မြင့်တက်လာနိုင်ခြင်းကြောင့် မြစ်ကမ်းဘေးရှိကျေးရွာများ သတိပြုနေထိုင်ကြရန်လိုကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း မကြာမီ ရေများချိန်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်သဖြင့် လက်ရှိတွင် ဧရာဝတီမြစ်ရေတဖြည်းဖြည်း မြင့်တက်လျက်ရှိကြောင်း၊ ထိုသို့ ဧရာဝတီမြစ်ရေ တဖြည်းဖြည်း မြင့်တက်နေရာမှ အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများကြောင့် မြစ်ရေရုတ်တရက်မြင့်တက်လာနိုင်ကြောင်း၊ ထိုသို့ မြစ်ရေရုတ်တရက်မြင့်တက်လာပါက မြစ်ကမ်းဘေးရှိ ကျေးရွာများအတွင်းသို့လည်း မြစ်ရေဝင်ရောက်လာနိုင်ခြင်းကြောင့် မြစ်ကမ်းဘေးတွင်ရှိသည့် ကျေးရွာများ သတိပြုနေထိုင်သင့်ကြောင်း သိရသည်။

"မကြာမီကာလမှာ ဧရာဝတီမြစ်ရေများချိန်ကာလကို ရောက်ရှိလာတော့မှာပါ။ အခုမြစ်ရေက တဖြည်းဖြည်း မြင့်တက်နေတာကြောင့် မြစ်ကမ်းဘေးမှာရှိတဲ့ ကျေးရွာတွေမှာ ယာယီတဲတွေထိုးပြီးနေတာတွေအပါအဝင် မြစ်ကမ်းစပ်နားမှာလဲ နေထိုင်သူတွေ အနေနဲ့အထူးဂရုပြုနေထိုင်ကြဖို့လိုအပ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော ဧရာဝတီမြစ်ရေ အခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၃၈၉ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၆၀၇ စင်တီမီတာ၊ ရွှေကူမြို့တွင် ၄၇၈ စင်တီမီတာ၊ ကသာမြို့တွင် ၄၈၉ စင်တီမီတာ၊ သပိတ်ကျင်းမြို့တွင် ၅၅၂ စင်တီမီတာ၊ မန္တလေးမြို့တွင် ၄၃၄ စင်တီမီတာ ထိရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၃၄၉၃၂၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေလာရောက် ဖူးမြော်ကြပါတယ်။ ရာသီဥတု ပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေက နားနေဆောင်မှာ အပန်းဖြေကြပြီးတော့မှ ဘုရားဖူးကြတာကိုတွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့စည်ကားနေပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၂၅၈၀ လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၄၅၉၂၉ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၈၁၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်

**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့်အစီအစဉ်များကို မေ ၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်၊ အကွက်(၁၇၉)၊ ၈၆လမ်း၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြားတွင်လည်းကောင်း၊ မေ ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်(၇၄၆)၊ ၇၂လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြားတွင်လည်းကောင်း၊ မေ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၉ လမ်းနှင့် ၆၉ လမ်းထောင့်၊ စည်ပင်ဝန်ထမ်းအိမ်ရာတွင်လည်းကောင်း၊ မေ ၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြား၊ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်ရှေ့တွင်လည်းကောင်း နံနက် ၆ နာရီ မိနစ် ၃၀ မှ စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး မေ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှစတင်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများနှင့် စားအုန်းဆီအသင်းက ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင်လည်း စားအုန်းဆီများကို နေ့စဉ် နံနက် ၈ နာရီမှစတင်၍ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကိုကြီးမန်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် ပြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး မေ ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြူကန်ကျေးရွာအုပ်စု ပြူကန်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၄ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ပြူကန်ကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၉၂ သိန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၆၄ဦးကို ငွေကျပ် ၁၄၉ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၄၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၈၆ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ၈၅(E) နေ ဦးထွန်းထွန်းဦး၊ မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ လက်ထောက် ဆရာဝန် ဦးညွန့်သန်းနှင့် ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးချွန်တို့က လက်ခံရယူစဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်းကုမ္ပဏီ ၄၅ ခုက ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၁၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့



**ရန်ကုန် မေ ၅**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်းကုမ္ပဏီ ၄၅ ခုက ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၁၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်းဆန်တင်ပို့သည့်ကုမ္ပဏီ ၄၅ ခုက ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချရာတွင် ဆန်တန်ချိန် ၄၂၇၇၀ နှင့် ဆန်ကွဲ ၆၉၀၉၂ တန် စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၁၁၁၈၆၂ တန် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် ဆန်ကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၂၂ နိုင်ငံ၊ ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၁၃ နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆန်နှင့် ဆန်ကွဲများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချခဲ့ရာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့်ဆန်ကွဲ ၁၁၁၄၆၂ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့်ဆန်ကွဲတန်ချိန် ၄၀၀ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၁၁၁၈၆၂ တန် တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချခဲ့ရာတွင် စပိန်နိုင်ငံသို့ ဆန် ၁၀၆၇၅ တန်ဖြင့် အများဆုံးတင်ပို့ရောင်းချခဲ့ပြီး ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၈၀၄၀ ဖြင့် ဒုတိယအများဆုံး၊ ပိုလန်နိုင်ငံသို့ ဆန် ၄၄၂၉ တန်ဖြင့် တတိယအများဆုံး၊ တိုဂိုနိုင်ငံသို့ ဆန်တန်ချိန် ၄၀၀၀ ဖြင့် စတုတ္ထအများဆုံးနှင့် မိုဇမ်ဘစ်နိုင်ငံသို့ ဆန် ၂၆၅၂ တန်ဖြင့် ပဉ္စမအများဆုံး တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အတူဆန်ကွဲကို တရုတ်နိုင်ငံသို့ ၂၆၅၃၂ တန်ဖြင့် အများဆုံး တင်ပို့ရောင်းချခဲ့ပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၄၀၄၀ ဖြင့် ဒုတိယအများဆုံး၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၉၆၀ ဖြင့် တတိယအများဆုံး၊ ဘီနင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၆၂၀ ဖြင့် စတုတ္ထအများဆုံး၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀၀ ဖြင့် ပဉ္စမအများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ (၃၃၆)

# မန္တလေးမြို့ လေးပြင်လေးရပ်၌ ကဆုန်လပြည့်နေ့တွင် သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်းနှင့်လှူဖွယ်ဝတ္ထုများလောင်းလှူမည်

**မန္တလေး မေ ၅**

မန္တလေးမြို့ လေးပြင်လေးရပ်၌ ကဆုန်လပြည့်နေ့( မေ ၂၂ ရက်) တွင် သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ ခုနှစ်မှ ၂၅၆၈ ခုနှစ်သို့ရောက်ရှိမှုအထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ကဆုန်လပြည့်နေ့ (မေ ၂၂ ရက်) တွင် ကျုံးအရှေ့ဘက် (အရှေ့ပြင်) ၆၆ လမ်းအတိုင်း သံဃာတော် ၂၅၆၈ ပါး၊ ကျုံးတောင်ဘက်(တောင်ပြင်) ၂၆ လမ်းအတိုင်း သံဃာတော် ၂၅၆၈ ပါး၊ ကျုံးအနောက်ဘက်(နောက်ပြင်) လမ်း ၈၀ အတိုင်း သံဃာတော် ၂၅၆၈ ပါး၊ ကျုံးမြောက်ဘက်(မြောက်ပြင်) ၁၂ လမ်းအတိုင်း သံဃာတော် ၂၅၆၈ ပါး စုစုပေါင်း သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လောင်းလှူပွဲတွင် ကိုယ်တိုင်လောင်းလှူနိုင်သကဲ့သို့ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသက်နိုင်ထွန်း ဖုန်း ၀၉-၄၀၂၀၀၁၀၆၉၊ ဦးစိုးမိုးသိမ်း ဖုန်း ၀၉-၉၇၀၈၂၃၆၈၈၊ ဦးစိုးလှမြင့် ဖုန်း ၀၉-၅၁၂၀၅၂၀၊ ဦးတင်မောင်စိုး ဖုန်း ၀၉-၂၅၀၈၆၂၁၅၈ တို့သို့ မေ ၁၉ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးကျော်**

# ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၉၀၀၀၀ ကျော် ဝင်ရောက်လေ့လာလည်ပတ်ခဲ့

**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေ ၉၀၀၀၀ ကျော် ဝင်ရောက်လေ့လာလည်ပတ်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခက်ခက်လှက ပြောပြ၍ သိရသည်။

အဆိုပါ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွား ၉၄၉၅၁ ဦး ဝင်ရောက်လေ့လာလည်ပတ်ခဲ့ကြပြီး ပြည်ပခရီးသွားဦးရေမှာ ၆၅၆ ဦး ဖြစ်ကြောင်း သိရသည်။

"ပြည်ပခရီးသွား ဝင်ရောက်တာကတော့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နဲ့စာရင် တိုးလာပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ပြည်ပခရီးသွား ၃၈၂ ယောက်ပဲဝင်ရောက်လေ့လာခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာတော့ ပြည်ပခရီးသွား ၆၅၆ ယောက် ဝင်ရောက်လေ့လာခဲ့ပါတယ်။ ပြည်တွင်းခရီးသွား ဝင်ရောက်လေ့လာမှုကတော့ ၉၄၂၉၅ ယောက် ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခက်ခက်လှက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ် နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိဖွင့်လှစ်ပေးလျက်ရှိပြီး ပြည်တွင်းခရီးသွားတစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀ နှင့် ပြည်ပခရီးသွားတစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် အသက် ၁၂ နှစ်အောက်ကလေးများ၊ ရဟန်းတော်များနှင့် သီလရှင်များ၊ လေ့လာရေးလာရောက်သည့် ကျောင်းသား၊ ကျောင်းသူများ (ကြီးကြပ်သူအပါအဝင်) ကို အခမဲ့ လေ့လာကြည့်ရှုခွင့်ပြုထားကြောင်း တိုင်းဒေသကြီးလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခက်ခက်လှက ပြောပြ၍ သိရသည်။ ASH



# ခေါင်းဆောင်မှု

**ချစ်နိုင်(စိတ်ပညာ)**

**"လူဆိုတာ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။ အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။ လေးစားထိုက်သူဖြစ်အောင် ဖြူစင်ရမယ်။ ကြည်ညိုထိုက်သူဖြစ်အောင် ပေးဆပ်နိုင်ရမယ်။"**

**အဓိပ္ပာယ်**

**ခေါင်းဆောင်မှု**ဆိုတာ တိုတိုရှင်းရှင်း အဓိပ္ပာယ်ဖွင့်ရင် **"လွှမ်းမိုးနိုင်စွမ်း"** ရှိခြင်းပါပဲ။ အခြားဝေါဟာရတစ်ခုနဲ့ ထပ်ပြောရရင် **"ဩဇာတိက္ကမ"**လို့လည်း သုံးနှုန်းလေ့ရှိကြတာပေါ့။ ရှစ်နှစ် အမေရိကန်သမ္မတဖြစ်ခဲ့တဲ့ **ဒွိုက်ဒီအိုက်ဇင်ဟောင်ဝါ(၁၈၉၀-၁၉၆၉)** ဆိုတဲ့ ဗိုလ်ချုပ်ကြီးက ပြောခဲ့ဖူးတယ်။

**"ခေါင်းဆောင်မှုဆိုတာ မိမိလုပ်စေချင်တဲ့အရာကို အခြားလူတွေက သူတို့သဘောနဲ့ သူတို့စိတ်ပါလက်ပါနဲ့ ပြီးစီးအောင်မြင်အောင် လုပ်စေနိုင်တဲ့ အနုပညာပဲ"**တဲ့။

အာဏာပြပြီး ခြောက်လှန့်နေစရာမလိုဘူး။

ချော့မော့ပြီး ခိုင်းလို့ လုပ်ကြတာမဟုတ်ဘူး။

သူတို့စိတ်ထဲက ဒီအလုပ်ကို လုပ်ရမယ်။ လုပ်ချင်တယ်ဆိုပြီး ခံယူချက်နဲ့ မိမိလုပ်စေချင်တာကို ထမြောက်အောင် လုပ်ဆောင်ပေးကြခြင်းမျိုး။ အဲဒါက ခေါင်းဆောင်မှုပညာပါပဲလို့ ဆိုရမယ်။ သူထက်စောတဲ့ အမေရိကန်သမ္မတတစ်ဦး **ဟင်နရီအက်စ်ထရူးမင်း(၁၈၈၄-၁၉၇၂)**ကလည်း ဒီလိုပြောခဲ့သေးတယ်။ ပရိယာယ်နဲ့ ဆွဲတတ်၊ တွန်းတတ်ရမယ်။

**"အခြားလူတွေက သူတို့မလုပ်ချင်ခဲ့ကြပေမယ့် ဒါကိုမဖြစ်မနေ လုပ်ကြမယ်ဆိုတဲ့ ခံယူချက်မျိုးဖြစ်စေအောင် စွမ်းဆောင်နိုင်တဲ့လူဟာ မြင့်မြတ်တဲ့ ခေါင်းဆောင်မျိုးပဲလို့ ကျွန်တော်မှတ်သားမိတယ်"**တဲ့။ အနုပညာ အတတ်ပညာ။

**ဩဇာလွှမ်းမိုး**

အောင်မြင်တဲ့ ခေါင်းဆောင်၊ ငယ်သားတွေအပေါ်မှာ တကယ်ပဲ ဩဇာညောင်းတဲ့ ခေါင်းဆောင်ကောင်းဆိုတာက သူတို့ဆီက **"ချစ်၊ ကြောက်၊ ရိုသေ"** ဆိုတဲ့ သဘောထားအမြင်ကို ရနိုင်လောက်အောင် အသည်းနှလုံးနဲ့ ဦးနှောက်အပေါ် ဩဇာတိက္ကမ လွှမ်းမိုးတာပဲလေ။

လက်အောက်ငယ်သားတွေက ချစ်အောင် တရားမျှတစွာအုပ်ချုပ်ပါ။ မှန်မှန်ကန်ကန် ဆုံးဖြတ်ပါ။ ကြင်ကြင်နာနာ ဆက်ဆံပါ။ ဖေးဖေးမမ ကူညီစောင့်ရှောက်ပေးပါ။ သူတို့ဘဝ၊ သူတို့ခံစားချက်၊ သူတို့ရဲ့အားနည်းချက်၊ အားသာချက်ကို သိအောင် စိတ်ဝင်စားပါ။ အာရုံစိုက်ပါ။ (အလိုလိုက်စရာ၊ မျက်နှာသာပေးစရာ မလိုပါ။)

မိမိက တရားမျှတတယ်၊ မှန်ကန်တယ်၊ ဖြူစင်တယ်၊ ဖြောင့်မတ်တယ်။ မဟုတ်တာလုပ်ရင်တော့ မရ။ မျက်နှာမလိုက်ဘူး။ ခွင့်မလွှတ်ဘူး။ ထိုက်သင့်တဲ့ အပြစ်ဒဏ်မျိုးကို ပေးကိုပေးရမှာပဲဆိုတာ သိစေရပါမယ်။ ဒါဆိုရင် မိမိကို ချစ်ရုံသာမက ကြောက်လည်း ကြောက်ကြတယ်။ တို့ဆရာက မလွယ်ဘူးဟ။

အားလုံးက ရိုသေခံရဖို့က ကိုယ်ကျင့်တရားကောင်းရမယ်။ သိလနဲ့ ပြည့်စုံရတယ်။ စာရိတ္တဖြူစင်တယ်။ မတော်မတရားတာ၊ မဟုတ်မမှန်တာ မလုပ်ဘူးလို့ ယုံကြည်ကြရင် လေးစားတာပါပဲ။ ရိုသေတာပဲ။

ချစ်၊ ကြောက်၊ ရိုသေခံရအောင် နေထိုင်ဖို့ရာက မလွယ်လှပါဘူး။ ဒါပေမဲ့ ခေါင်းဆောင်ကောင်းပီသအောင် မိမိကိုယ်ကို ကိုယ်ရည်ကိုယ်သွေး၊ အရည်အချင်း မြင့်နေအောင် လေ့ကျင့်နေရပေမှာပဲ။ ကြိုးစားနေရတယ်။

**တာဝန်သိ**

ငယ်သားဆိုတာ ခေါင်းဆောင်အကြီးအကဲက ခိုင်းမှ လုပ်ချင်တယ်။ ခိုင်းမှ လုပ်တတ်တယ်။ ငယ်သား သဘာဝ။ ခေါင်းဆောင်ဖြစ်လာရင်တော့ အထက်က ကြီးကြပ်၊ မကြာခဏ ညွှန်ကြားမှုတွေ ပေးနေစရာမလိုဘူး။ သူ့အသိနဲ့၊ သူ့အမြော်အမြင်နဲ့၊ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ဦးစီးဦးဆောင်ပြီး အလုပ်တစ်ခု ပြီးမြောက်အောင် လုပ်တတ်ကိုင်တတ်ဖြစ်ရမယ်။ ဒါမျိုးမှ ခေါင်းဆောင်ကောင်း။

ငယ်သားကခိုင်းမှ လုပ်တယ်။

ခေါင်းဆောင်ကောင်းက ခိုင်းနေစရာမလိုဘဲ သူလုပ်ရမယ့်အလုပ်ကို အကောင်းဆုံး စီမံကွပ်ကဲတတ်တယ်။ ခေါင်းဆောင်နဲ့ စီမံသူ မန်နေဂျာက တူသလိုလိုနဲ့ ကွဲတာတွေလည်းရှိတယ်။ ဆက်လေ့လာသွားပါ။

**ခေါင်းဆောင်**ဆိုတာ ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ စစ်ဦးစီးချုပ်၊ ကွပ်ကဲမှုအာဏာပိုင်။

**စီမံသူ**ဆိုတာ ဝန်ကြီး၊ မန်နေဂျာ၊ အမြဲတမ်းအတွင်းဝန်၊ တပ်ရေးဗိုလ်ကြီး။

**ခေါင်းဆောင်**က ဘာကိုဦးစားပေးသလဲ ဆုံးဖြတ်ရ။ ဘာကိုလုပ်ရမလဲ ရွေးချယ်ပေးရ။

**စီမံသူ**က ဘယ်လိုလုပ်ရမှာလဲ သိရ၊ စီမံနိုင်ရ။ စီမံချက်ရေးဆွဲတင်ပြ၊ ကြီးကြပ်ရ၊ အကောင်အထည်ဖော်ရ။

နှစ်ဦးစလုံး ငယ်သားတွေ အရည်အသွေးမြင့်ဖို့ လုပ်ကြရတယ်။

**Role နေရာ**

အစိုးရဌာနဖြစ်ဖြစ်၊ ပုဂ္ဂလိကလုပ်ငန်း၊ ကုမ္ပဏီတွေပဲဖြစ်ဖြစ် သူဌေးနဲ့ မန်နေဂျာဟာ နယ်နိမိတ်ထပ်နေတတ်တယ်။ သူလည်းပါ၊ ကိုယ်လည်းပါ။ ရှိတတ်တယ်။

တကယ်တော့ သူဌေးအလုပ် သူဌေးလုပ်ရမှာ။ နေရာတကာ ဝင်ပါစရာမလို။ မန်နေဂျာကလည်း သူဌေးကို အသိမပေးဘဲ ကိုယ်ကြိုက်ရာလျှောက်လုပ်နေလို့မရဘူး။ အသိပေးတင်ပြ၊ ဆုံးဖြတ်ချက်ရမှ စီမံရတယ်။ ဘုရင်က ဘုရင်အလုပ်လုပ်ရတယ်။ ဝန်ကြီးက ဝန်ကြီးအလုပ် လုပ်ရတယ်။ ညွှန်ချုပ်က ညွှန်ချုပ်အလုပ် တာဝန်ခံရတယ်။ ညွှန်မှူးက မိမိဌာနအလုပ် မိမိတာဝန်ယူရမယ်။ လုပ်ငန်းသဘောကို နားလည်ဖို့လည်း လိုတယ်။

ကွပ်ကဲသူတာဝန်ခံ (Commander or Decision Maker)နဲ့ စီမံကြီးကြပ်ရသူ (Manager) အခန်းကဏ္ဍ လုပ်ငန်းသဘောမတူညီဘဲ ကွဲပြားခြားနားပုံတွေကို သေသေချာချာနားလည်အောင် ကြိုတင်ရှာဖွေဖတ်ရှုလေ့လာစေချင်တယ်(စာသင်ခန်းမှာ သင်ပြမှ သိရတာမဟုတ်ဘဲ အင်တာနက်၊ Google, You Tube တွေမှာ ရှာကြည့်ကြစေလိုတယ်)။ လုပ်ငန်းကျွမ်းကျင်ရမယ်။

တပ်မှာဖြစ်ဖြစ်၊ အရပ်ဘက်မှာဖြစ်ဖြစ်၊ မိသားစုအတွင်းမှာပဲဖြစ်ဖြစ် အမိတာဝန်၊ အဖတာဝန် သိရပါမယ်။ လက်တွေ့မှာတော့ အဖေကော၊ အမေကော ထမင်းဟင်းချက်၊ အဝတ်လျှော်၊ ဈေးဝယ်၊ သူလည်းလုပ်၊ ကိုယ်လည်း လုပ်၊ ဦးက ထမ်း၊ ပဲ့က ထမ်း။ မခွဲမခြား ချစ်ချစ်ခင်ခင် လုပ်ကိုင်ကြရတာပါပဲ။

**ညီညွတ်ရ**

လုပ်ငန်းအောင်မြင်တိုးတက်ဖို့ကတော့ ကျွမ်းကျင်ရုံမျှနဲ့လည်း မပြီးဘူး။ စည်းလုံးညီညွတ်မှု၊ ချစ်ခင်လေးစားမှုလည်း လိုပါသေးတယ်။ သာယာတဲ့ အိမ်ထောင်စုက တိုးတက်ချမ်းသာတယ်။ မညီမညွတ် မိသားစုဟာ စိတ်ဆင်းရဲရရုံမျှမက ငွေကြေးဥစ္စာလည်း ဆင်းရဲတတ်တာပဲ။ မော်လီကျူးအချင်းချင်းစုဖွဲ့ခြင်းက ဝတ္ထုသတ္တိစွမ်းအား ထွက်ပေါ်လာသလို ပေါင်းစည်းညီညွတ်မှု(Cohesion)ဆိုတဲ့ ညီညီညွတ်ညွတ် ပေါင်းစည်းဆက်ဆံမှုဟာ အောင်မြင်တိုးတက်မှုမှာ အဓိကလိုအပ်ချက်ဖြစ်ပါတယ်။

- ခေါင်းဆောင်ကောင်းက အနာဂတ်ကို မြော်မြင်နိုင်တယ်။ မပီသသူက ပစ္စုပ္ပန်တစ်ခုပဲ ကြည့်တတ်တယ်။
- ခေါင်းဆောင်က အခြေခံဥပဒေသတွေ နားလည်သိမြင်တယ်။ မပီသသူက ကနေ့အတွက်ပဲ စဉ်းစားတယ်။

မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာ လိုက်နာမြဲဖြစ်တဲ့ နာယကဂုဏ် ခြောက်ပါးဆိုတာရှိတယ်။

၁။ **ဓမ္မာ** = သည်းခံနိုင်တယ်။
၂။ **ဓာဂရိယ** = နိုးကြားတယ်။
၃။ **ဉဋ္ဌာန** = ငယ်သားများထက် ပိုတက်ကြွထက်သန်တယ်။
၄။ **သံဝိဘာဂ** = ထိုက်တန်သလို ချီးမြှောက်တတ်တယ်။
၅။ **ဒယာ** = ကြင်နာတတ်တယ်။ ကိုယ်ချင်းစာတယ်။
၆။ **ဣက္ခဏာ** = အခွင့်အရေးကို မြော်မြင်ဆင်ခြင်နိုင်တယ်။

**မြင်တတ်ရမယ်**

ခေါင်းဆောင်နေရာ တာဝန်ယူရသူ(အရာရှိ)ဆိုတာဟာ ရှေ့ဆောင်လုပ်သူဖြစ်တဲ့အတွက် ဒီအသိဉာဏ် ငါးပါးနဲ့လည်း ပြည့်စုံရပါတယ်။ မပြည့်စုံသေးရင် ပြည့်အောင် ကြိုးစားရပေမယ်။ ညာဏ် ငါးပါးလို့လည်းခေါ်ကြပါတယ်။

၁။ **အတ္တညူ** = အကျိုးရှိ၊ မရှိ သိမြင်တတ်ခြင်း၊
၂။ **ဓမ္မညူ** = တရားနှင့် ညီ၊ မညီ သိမြင်နိုင်ခြင်း၊
၃။ **မတ္တညူ** = အတိုင်းအရှည်ကို သိခြင်း၊
၄။ **ကာလညူ** = အချိန်အခါ သင့်၊ မသင့် ဝေဖန်ချင့်ချိန်နိုင်ခြင်း၊
၅။ **ပရိသညူ** = ပရိသတ်လူစု၏ စိတ်ထားကို အကဲခတ်တတ်၊ သိတတ်ခြင်း၊

ဘာပဲစဉ်းစား၊ စဉ်းစား၊ ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် ဦးစီးဦးဆောင်နာယကနေရာ (အရာရှိတာဝန်)ကို ထမ်းဆောင်နေရသူဟာ နိုင်ငံတော်ကတိုင်းပြည်နဲ့ ပြည်သူပြည်သားကောင်းကျိုးကိုတာဝန်ယူနိုင်စွမ်းရှိတယ်လို့ ယုံကြည်အားကိုးခံရသူတွေမို့ မိမိရဲ့ အရည်အချင်း၊ အရည်အသွေးကို အကောင်းဆုံး၊ အထူးချွန်ဆုံး လက်တွေ့လုပ်ဆောင်ပြသရမှာဖြစ်ပါတယ်။ ကွပ်ကဲသူ၊ ကြီးကြပ်သူ၊ စီမံသူ၊ သင်ကြားလေ့ကျင့်သူ၊ ဘယ်လိုနေရာမှာ တာဝန်ကျကျ အစွမ်းကုန် တာဝန်ကျေရပေမယ်။

ဘာဖြစ်လို့လဲ။

**"ငါသည် ခေါင်းဆောင်"** ဖြစ်တယ်ဆိုတာကြောင့်ပဲ။ မှန်တယ်။ ငါသည် ခေါင်းဆောင်ပါပဲ။

**❖ ခေါင်းဆောင်ဖြစ်လာရင်တော့ အထက်က ကြီးကြပ်၊ မကြာခဏ ညွှန်ကြားမှုတွေ ပေးနေစရာမလိုဘူး။ သူ့အသိနဲ့၊ သူ့အမြော်အမြင်နဲ့၊ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ဦးစီးဦးဆောင်ပြီး အလုပ်တစ်ခုပြီးမြောက်အောင် လုပ်တတ်ကိုင်တတ်ဖြစ်ရမယ်။ ဒါမျိုးမှ ခေါင်းဆောင်ကောင်း။ ငယ်သားကခိုင်းမှ လုပ်တယ်။ ခေါင်းဆောင်ကောင်းက ခိုင်းနေစရာ မလိုဘဲ သူလုပ်ရမယ့်အလုပ်ကို အကောင်းဆုံးစီမံကွပ်ကဲတတ်တယ်။ ခေါင်းဆောင်နဲ့ စီမံသူမန်နေဂျာက တူသလိုလိုနဲ့ကွဲတာတွေလည်းရှိတယ်။ ဆက်လေ့လာသွားပါ။ ❖**

## မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် မေ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်လန်းကျေးရွာအုပ်စု နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို မေ ၄ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နမ့်လန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၅ ဦးကို ငွေကျပ်သိန်း ၃၆၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**



# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။


လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ မတ်ပဲတန်ချိန် ၇၈၀၀၀၀ ကျော် တင်ပို့ရောင်းချမှုမှ ကန်ဒေါ်လာ သန်း ၇၂၀ ကျော်ရရှိခဲ့

**နေပြည်တော် မေ ၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ မတ်ပဲတန်ချိန် ၇၈၀၀၀၀ ကျော်တင်ပို့ရောင်းချပေးခဲ့ရသဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၂၀ ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းရော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကပါ အပတ်စဉ်၊ လစဉ် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ မတ်ပဲ ၇၈၃၉၄၉ ဒသမ ၄၃၈ တန် တင်ပို့ရောင်းချခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၇၂၄ ဒသမ ၉၀၇ သန်း ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၇၂၁ ဒသမ ၉၁၁ သန်း တန်ဖိုးရှိ မတ်ပဲ ၇၈၁၂၂၈ ဒသမ ၆၁၃ တန်နှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉၆ သန်း တန်ဖိုးရှိ မတ်ပဲ ၂၇၂၀ ဒသမ ၈၂၅ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၂၄ ဒသမ ၉၀၇ သန်းတန်ဖိုးရှိ မတ်ပဲ ၇၈၃၉၄၉ ဒသမ ၄၃၈ တန်တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မတ်ပဲကို အိန္ဒိယနိုင်ငံသို့အများဆုံး တင်ပို့ရောင်းချပေးခဲ့ပြီး ပါကစ္စတန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ယူအေအီးနိုင်ငံများ၊ အီးယူနိုင်ငံများ၊ ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့လည်းတင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ SKL

# ညောင်လေးပင်မြို့နယ် သာလူကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် မေ ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းရွာကျေးရွာအုပ်စု သာလူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သာလူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

သာလူကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း တစ်ဖက်လျှင် အရှည်ပေ ၇၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၄၄ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

## ထိုခဏ

- တက်တုံ သက်တုံ ရေယမုန်ဝယ်
  စုန်ဆန်ခဲ့ပေ တို့တစ်တွေလျှင်
  ရေပြင်လှုပ်နိုး လှိုင်းတံပိုးနှင့်
  မိုးရိပ်လေရိပ် သည်နိမိတ်ကြောင့်
  တဆိတ်ခိုနား ကမ်းစပ်နားဝယ်
  လှေအား တန့်ရပ်ခဲ့လေသည်။

- ကမ်းစပ်မှာမူ
  ရွက်ဖြာစိပ်စိပ် ခရေရိပ်နှင့်
  အုန်းရိပ်ညိုမောင်း တောရကျောင်းတည့်
  ကျောင်းရိပ်မှာကြွေ ပွင့်ခရေနှင့်
  ကျောင်းမြေမှာဖူး ဆိပ်ဖလူးနှင့်
  ကျောင်းဦးသာစွ တင့်တယ်စွ။

- “ဆရာတော်ဘုရား ခေတ္တနားခို
  နေလိုပါကြောင်း” လျှောက်ပန်တောင်းသော်
  ကောင်းစွသာဓု နေခွင့်ပြုလျက်
  ညှံ့နုခိုင်ဖီး သစ်သီးသြဇာ
  မာလကာကို
  သဒ္ဓါရွှင်လန်း ကြွစွန့်ကမ်း၏။

- “ဆရာတော်ဘုရား ပြန်ပါရစေ”
  ဦးချခညောင်း လျှောက်ပန်တောင်းလည်း
  ကောင်းစွသာဓု ပြန်ခွင့်ပြုလျက်
  ကောင်းမှုပါဆွ ပြည့်ဝစေဟု
  ခွန်းခြွေဆေးလေး ဆုမွန်ပေး၏။

- ကျောင်းသို့ဝင်စ ချွေးဖြာကျလည်း
  ကျောင်းမှထွက်လျှင် ငြိမ်းသောရင်နှင့်
  ကြည်စင်ချမ်းမြ အားသစ်ရလျက်
  ရွှင်ပျခဲ့ပေ တို့တစ်တွေသည်
  လှေငယ်ပေါ်တက် ခရီးဆက်။

- ထိုခဏ၌
  လရိပ်ဖြာထိုး မြစ်တစ်ရိုးဝယ်
  မိုးလေကင်းပ ချမ်းငြိမ်စွတည့်
  လှသောလှေငယ် ရေပြင်ကျယ်တွင်
  ချစ်ဖွယ်တင့်မော ရွှေ့ရွှေ့မျောသည်
  အဟောသုခ ချမ်းသာစွ။ ။

**မြင်းမူမောင်နိုင်မိုး**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းနိုင်ငံရှိ အမေရိကန်တာဝေးပစ်ဒုံးကျည်များကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ် ပစ်ချ



**မော်စကို မေ ၅**

အမေရိကန်နိုင်ငံထုတ်တာဝေး ပစ်ဒုံးကျည်လေးစင်းကို ကရိုင်းမီးယားကျွန်းဆွယ်ဝေဟင်၌ ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက ပစ်ချခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေ ၄ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက ပစ်ချခဲ့သည့်ဒုံးကျည်များမှာ အမေရိကန်အစိုးရက ယူကရိန်းသို့ပေးပို့ထားသော အမေရိကန်ကြည်းတပ် နည်းဗျူဟာမြောက်တာဝေးပစ်ဒုံးကျည်စနစ် (အေတီအေစီအမ်အက်စ်)များဖြစ်သည်။

ရုရှားလေတပ် စစ်လေယာဉ်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များအနေဖြင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အေတီအေစီအမ်အက်စ် ဒုံးကျည်ပေါင်း ၁၅ စင်းထိကို ကြားဖြတ်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

အေတီအေစီအမ်အက်စ်ဒုံးကျည်များသည် အကွာအဝေး မိုင် ၁၉၀ ထိပျံသန်းနိုင်သော နည်းဗျူဟာမြောက် တာဝေးပစ်ဒုံးကျည်များဖြစ်သည်။

ယင်းဒုံးကျည်များကို ယူကရိန်းတပ်များက ဧပြီ ၁၇ ရက်တွင် ပထမဆုံးအကြိမ် စတင်အသုံးပြုခဲ့သည်။

ကရိုင်းမီးယားကျွန်းဆွယ်ဒေသသည် ယူကရိန်းရှေ့တန်းစစ်မြေပြင်နှင့် ၁၀၃ မိုင်သာ ကွာဝေးသော နယ်မြေဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဥရောပသုံးနိုင်ငံခရီးစဉ်စတင်

**ပေကျင်း မေ ၅**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ၎င်း၏ ဥရောပသုံးနိုင်ငံခရီးစဉ်ကို ယနေ့တွင် စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဥရောပခရီးစဉ်၏ ပထမဆုံးခရီးထောက်အဖြစ် ပြင်သစ်နိုင်ငံသို့ ယနေ့တွင် စတင်သွားရောက်ခဲ့ခြင်း ဖြစ်သည်။


နှစ်ရက်ကြာမြင့်မည့် ပြင်သစ်နိုင်ငံခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများနှင့် ယူကရိန်းပြဿနာတို့ကို ဆွေးနွေးမည်ဖြစ်သည်။

ပြင်သစ်ခရီးစဉ်ပြီးဆုံးချိန်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဆားဘီးယားနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံများသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

ယနေ့တွင် စတင်ခဲ့သည့် အဆိုပါဥရောပ သုံးနိုင်ငံခရီးစဉ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်အတွက် ငါးနှစ်တာကာလအတွင်း ပထမဆုံးဥရောပခရီးစဉ်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပြင်သစ်နိုင်ငံ ခရီးစဉ်အတွင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO



## အင်္ဂလိပ်ရေလက်ကြားဖြတ် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ ပြင်သစ်နိုင်ငံမှ ဗြိတိန်သို့ ထပ်မံရောက်ရှိ

**လန်ဒန် မေ ၅**

ရော်ဘာလှေနှစ်စီးဖြင့် လိုက်ပါလာမည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများသည် မေ ၄ ရက်တွင် အလွန်အန္တရာယ်များသည့် အင်္ဂလိပ်ရေလက်ကြားကို ဖြတ်၍ ပြင်သစ်နိုင်ငံမှ ဗြိတိန်သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်း ဝင်ရောက်သူများ၏ အဆိုပါရော်ဘာလှေများဗြိတိန်ကမ်းခြေဆီသို့ ရောက်ရှိချိန်ထိ ပြင်သစ်ရေတပ် စစ်သင်္ဘောတစ်စီးက လိုက်ပါစောင့်ကြည့်ပေးခဲ့သည်။

၎င်းရော်ဘာလှေငယ်များဖြင့် လိုက်ပါလာသူများကို ဗြိတိန်တပ်ဖွဲ့ ရေယာဉ်တစ်စီးက ဒိုဗာကမ်းခြေအနီးတွင် ကယ်တင်ခဲ့ရသည်။

အာဖရိကနွယ်ဖွား ရွှေ့ပြောင်းဝင်ရောက်သူများ ဗြိတိန်သို့ မေ ၄ ရက်တွင် ထပ်မံရောက်ရှိလာမှုသည် ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်ခ်အနေဖြင့် လူဝင်မှုပြဿနာဖြေရှင်းရေးကတိကဝတ်များကို အကောင်အထည်ဖော်ရန် မည်မျှခက်ခဲနေကြောင်း သက်သေပြလျက်ရှိသည်။

ဗြိတိန်ဝန်ကြီးချုပ် ဆူနက်ခ်သည် လူဝင်မှုပြဿနာနှင့် အင်္ဂလိပ်ရေလက်ကြားဖြတ်သန်းဝင်ရောက်မှုပြဿနာများကို ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကတိပြုထားသည်။

ဗြိတိန်အစိုးရ၏ အဆိုအရ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ အင်္ဂလိပ်ရေလက်ကြားကို လှေငယ်များဖြင့်ဖြတ်၍ ဗြိတိန်သို့ဝင်ရောက်လာသူဦးရေမှာ ၈၀၀၀ကျော်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ယူကရိန်းသမ္မတကို အလိုရှိတရားခံစာရင်း၌ ရုရှားပြည်ထဲရေးဝန်ကြီးဌာန ထည့်သွင်း

**မော်စကို မေ ၅**

ရုရှား ပြည်ထဲရေးဝန်ကြီးဌာနသည် ယူကရိန်းသမ္မတ ဇီလန်စကီးကို ရာဇဝတ်မှုစွဲချက်တစ်ရပ်ဖြင့် အလိုရှိ တရားခံစာရင်းတွင် ထည့်သွင်းထားကြောင်း ရုရှားအစိုးရမီဒီယာများက မေ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးအား အလိုရှိတရားခံအဖြစ် သတ်မှတ်မှုကို ရုရှားပြည်ထဲရေးဝန်ကြီးဌာနသတင်းဝက်ဘ်ဆိုက်၌ ကြေညာထားသော်လည်း အသေးစိတ်အချက်အလက်များ ထည့်သွင်းဖော်ပြထားခြင်း မရှိသေးကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲစတင်ခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းမှစ၍ ယူကရိန်းနှင့် ဥရောပနိုင်ငံရေးခေါင်းဆောင်အများအပြားကို အလိုရှိတရားခံများအဖြစ် စာရင်းသွင်းထားကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလကပင် ရုရှားရဲတပ်ဖွဲ့သည် အက်စတိုးနီးယားဝန်ကြီးချုပ် ကာဂျာကဲလ်လက်စ်နှင့် လစ်သူယေးနီးယားယဉ်ကျေးမှုဝန်ကြီးတို့ကို ဆိုဗီယက်ခေတ် အထိမ်းအမှတ်များကို ဖျက်ဆီးမှုဖြင့် အလိုရှိတရားခံစာရင်းတွင် ထည့်သွင်းထားသည်။

ထို့နည်းတူ ဆိုဗီယက်ခေတ်အထိမ်းအမှတ်များ ဖျက်ဆီးမှုစွဲချက်နှင့်ပင် ရုရှားရဲတပ်ဖွဲ့သည် လက်ဗီးယားလွှတ်တော်အမတ်များကိုလည်း အလိုရှိတရားခံစာရင်း၌ ထည့်သွင်းထားကြောင်း သိရသည်။

ယူကရိန်းစစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့်အနောက်အုပ်စုနိုင်ငံများကြား ဆက်ဆံရေးမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကြက်သွန်နီပြည်ပတင်ပို့မှုပိတ်ပင်ရေးစည်းမျဉ်း အိန္ဒိယအစိုးရ ပြန်လည်ရုပ်သိမ်း

**ဒေလီ မေ ၅**

ပြည်ပသို့ ကြက်သွန်နီတင်ပို့မှုကန့်သတ်ရေး စည်းမျဉ်းများကို ပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူများက မေ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းကြက်သွန်နီဈေး တည်ငြိမ်ရေးအတွက် ပြည်ပဈေးကွက်များသို့ ကြက်သွန်နီတင်ပို့မှုကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် စတင်ပိတ်ပင်ခဲ့ပြီးနောက်ပိုင်းတွင် ယခုနှစ် မတ်လအထိ ပိတ်ပင်ချက်ကို သက်တမ်းထပ်တိုးခဲ့သည်။

သို့သော် အိန္ဒိယအစိုးရသည် အထွေထွေရွေးကောက်ပွဲကျင်းပဆဲကာလအတွင်းမှာပင် အဆိုပါမူဝါဒကို အပြောင်းအလဲပြုလုပ်၍ ကြက်သွန်နီပြည်ပတင်ပို့မှုပိတ်ပင်ရေးစည်းမျဉ်းများကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။



ကြက်သွန်နီ ပြည်ပတင်ပို့မှုပိတ်ပင်ရေးစည်းမျဉ်းကို ရုပ်သိမ်းပေးမှုနှင့်အတူ အိန္ဒိယအစိုးရသည် ကြက်သွန်နီမက်ထရစ်တန်တစ်တန်အတွက် အနိမ့်ဆုံးဈေးနှုန်းကိုလည်း သတ်မှတ်ခဲ့သည်။

အိန္ဒိယအစိုးရက သတ်မှတ်လိုက်သည့် ကြက်သွန်နီမက်ထရစ်တန်တစ်တန်အတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၅၀ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ကြက်သွန်နီအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ACS-3 နေစွမ်းအင်ရွက်လွှင့်စနစ် အာကာသယာဉ်က နေစွမ်းအင်ရွက်ပြားကို မကြာမီဖြန့်ထုတ်ရန် ပြင်ဆင်နေပြီဖြစ်



**ဝါရှင်တန် မေ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ACS-3 အမည်ရှိ နေစွမ်းအင်ရွက်လွှင့်စနစ် အာကာသယာဉ်သည် နေစွမ်းအင်ရွက်ပြားကို မကြာမီ ဖြန့်ထုတ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

ACS-3 အာကာသယာဉ်သည် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့်ပထမဆုံးအကြိမ် အဆက်အသွယ်ပြုလုပ်ပြီးနောက် နေစွမ်းအင်ရွက်ပြားကို ဖြန့်ထုတ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အပြည့်အဝ ဖြန့်ထုတ်ပြီးချိန်တွင် ACS-3 အာကာသယာဉ်၏ နေစွမ်းအင်ရွက်ပြားသည် အနားတစ်ဖက်လျှင် ပေ ၃၀ ထိ ရှိမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ACS-3 အာကာသယာဉ်ကို ဧပြီ ၂၃ ရက်တွင် Rocket Lab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

နေစွမ်းအင်ရွက်လွှင့်စနစ်သည် နေမှထုတ်လွှတ်လိုက်သော ဖိုတွန်စွမ်းအင်မှုန်များကိုအသုံးပြု၍ အာကာသယာဉ်ကို တွန်းအားပေးသည့်စနစ်ဖြစ်သည်။

လက်ရှိအချိန်တွင် ACS-3 အာကာသယာဉ်၏ နေစွမ်းအင်ရွက်ပြား ဖြန့်ထုတ်မည့်နေ့ကို နာဆာက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## နာဆာနှင့် Rocket Lab ကုမ္ပဏီက PREFIRE မစ်ရှင်၏ ပထမဆုံးဂြိုဟ်တုကို မေ ၂၂ ရက်တွင် လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် မေ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် Rocket Lab ကုမ္ပဏီသည် PREFIRE မစ်ရှင်၏ ပထမဆုံးဂြိုဟ်တုကို မေ ၂၂ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် Rocket Lab ကုမ္ပဏီသည် PREFIRE အမည်ရှိ ကျူဆက်ဂြိုဟ်တုနှစ်စင်းကို ယခုနှစ်အတွင်း သီးခြားစီလွှတ်တင်ရန် စီစဉ်ထားသည်။

အထက်ပါ PREFIRE ကျူဆက်ဂြိုဟ်တု နှစ်စင်းအနက် ပထမအစင်းကို မေ ၂၂ ရက်တွင် အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။



PREFIRE ကျူဆက်ဂြိုဟ်တုများသည် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများ၏ အာကာသတွင်းသို့ အပူဓာတ်ပြန်ထုတ်လွှတ်ပေးမှုနှုန်းကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အာတိတ်ဝင်ရိုးစွန်းဒေသနှင့် အန္တာတိက ဝင်ရိုးစွန်းဒေသသည် အပူပိုင်းဒေသများက စုပ်ယူထားသည့်အပူဓာတ်ကို အာကာသဟင်းလင်းပြင်အတွင်းသို့ ပြန်ထုတ်လွှတ်ပေးခြင်းဖြင့် ကမ္ဘာ့ရာသီဥတုကိုချိန်ညှိရာတွင် အထောက်အကူပေးကြောင်း သိရသည်။

PREFIRE ကျူဆက်ဂြိုဟ်တုများကို နာဆာနှင့်ဝစ်ကွန်ဆင်-မေဒီဆင်တက္ကသိုလ်တို့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## စတားလိုင်နာအာကာသလူသယ်ယာဉ်ကို လွှတ်တင်ရေးအတွက် နာဆာနှင့်ဘိုးရင်းကုမ္ပဏီ ပြင်ဆင်နေ

**ဝါရှင်တန် မေ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် စီအက်ဖ်တီအမည်ရှိ မစ်ရှင်အရ အာကာသယာဉ်မှူး နှစ်ဦးလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို မေ ၆ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

စတားလိုင်နာ အာကာသ လူသယ်ယာဉ်ကို United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်နှင့် အက်တလပ်စ်-၅ ဒုံးပျံကို ကိပ်ကာနေဗာရယ် အာကာသစခန်းသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို အာကာသယာဉ်မှူးများမပါဘဲ နှစ်ကြိမ်တိုင်တိုင် စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဘိုးရင်းကုမ္ပဏီသည် နာဆာအဖွဲ့နှင့်ရယူထားသည့် သဘောတူညီချက်အရ အာကာသယာဉ်မှူး အပို့အကြိုလုပ်ငန်းအတွက် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## စမ်းသပ်ဆဲကင်ဆာကာကွယ်ဆေးတစ်မျိုးက ဂလီယိုဘလပ်စတိုးမား ဦးနှောက်ကင်ဆာကို ကုသရာတွင် ထိရောက်မှုရှိနိုင်

**နယူးယောက် မေ ၅**

စမ်းသပ်ဆဲ ကင်ဆာကာကွယ်ဆေးတစ်မျိုးသည် ဂလီယိုဘလပ်စတိုးမား (Glioblastoma) ခေါ် ဦးနှောက်ကင်ဆာရောဂါတစ်မျိုးကို ကုသရာတွင် ထိရောက်မှုရှိနိုင်ကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

ပဏာမပြုလုပ်ထားသည့် လက်တွေ့စမ်းသပ်မှုများအရ အဆိုပါ ကင်ဆာကာကွယ်ဆေးသည် ဂလီယိုဘလပ်စတိုးမား ဦးနှောက်ကင်ဆာကို ချေမှုန်းရေးအတွက် လူ့ခုခံအားစနစ်ကို အစီအစဉ်ပြန်ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ဖလော်ရီဒါတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ပဏာမလက်တွေ့စမ်းသပ်မှုရလဒ်များအရ အဆိုပါကင်ဆာကာကွယ်ဆေးသည် ကင်ဆာဆဲလ်များကို ရှာဖွေနိုင်ရေးအတွက် ခုခံအားစနစ်ကို သင်ကြားပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

mRNA နည်းပညာကိုအခြေခံသည့် ၎င်းကာကွယ်ဆေးကို ဂလီယိုဘလပ်စတိုးမား ကင်ဆာလူနာလေးဦးတို့ဖြင့် လက်တွေ့စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဂလီယိုဘလပ်စတိုးမား ဦးနှောက်ကင်ဆာသည် ကြောက်မက်ဖွယ်အကောင်းဆုံး ကင်ဆာရောဂါများထဲတွင် ပါဝင်သည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသန ပညာရှင်များသည် အဆိုပါကာကွယ်ဆေးကို ဂလီယိုဘလပ်စတိုးမားလူနာ ၂၄ ဦးဖြင့် ထပ်မံစမ်းသပ်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အသားစားသုံးမှုကို ရှောင်ရှားခြင်းက အသည်းခြောက်ရောဂါတိုးလာမှုကို ထိန်းထားနိုင်

**နယူးယောက် မေ ၅**

အသားစားသုံးမှုကို ရှောင်ရှားခြင်းသည် အသည်းခြောက်ရောဂါ တိုးလာမှုကို ထိန်းထားရာတွင် အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း မေ ၄ ရက်သတင်းများအရ သိရသည်။

အသည်းခြောက်ရောဂါ ဖြင်းထန်ပါက လူနာများ၏သွေးအတွင်း အမိုးနီးယားပါဝင်မှု အဆင့်မှာ အန္တရာယ်ကြီးသည့် အဆင့်ထိ မြင့်တက်လာတတ်သည်။

သို့ရာတွင် အစာစားချိန်၌ အသားစားသုံးမှုကို ရှောင်ရှားပါက အသည်းခြောက်လူနာများ၏ သွေးအတွင်း အမိုးနီးယားပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟာဗီးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အသည်းကျန်းမာရေးကောင်းမွန်သူများတွင် ထွက်ပေါ်လာသည့် အမိုးနီးယားများကို အသည်းက လက်ခံရယူ၍ ကိုယ်ခန္ဓာပြင်ပသို့ စွန့်ထုတ်ရန် ကျောက်ကပ်ဆီသို့ ပို့ဆောင်ပေးတတ်သည်။

အသည်းခြောက်ရောဂါလူနာများတွင်မူ အသည်း၏ အမိုးနီးယားကို ချေဖျက်နိုင်စွမ်းထိခိုက်ကျဆင်းနေမှုကြောင့် သွေးအတွင်း အမိုးနီးယားပါဝင်မှုအဆင့် မြင့်တက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် အသည်းခြောက်ရောဂါလူနာများအနေဖြင့် အသားစားသုံးမှုကို ရှောင်ရှားခဲ့ပါက အမိုးနီးယားသွေးအတွင်းပါဝင်အဆင့်ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**






# ပရီးမီးယားလိဂ် ရွှေဖိနပ်ဆုအတွက် တိုက်စစ်မှူးဟာလန်း ထိပ်ဆုံးမှဦးဆောင်

**လန်ဒန် မေ ၅**

မန်စီးတီးအသင်းနှင့် ဝုဗ်အသင်းတို့ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် (၃၆)တွင် မန်စီးတီးအသင်းက ဝုဗ်အသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တိုက်စစ်မှူးဟာလန်းက အသင်းအတွက် သွင်းဂိုးလေးဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ရွှေဖိနပ်ဆုအတွက် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကာ ရွှေဖိနပ်ဆုရရှိရန် နီးစပ်လျက်ရှိသည်။

တိုက်စစ်မှူး ဟာလန်းသည် ဝုဗ်အသင်းနှင့်ပွဲစဉ်မတိုင်မီ ပရီးမီးယားလိဂ်သွင်းဂိုး ၂၁ ဂိုးဖြင့် ဒုတိယနေရာမှ ချဲလ်ဆီးအသင်းကစားသမား ပယ်လ်မာကို တစ်ဂိုးအသာဖြင့် ဦးဆောင်နေသော်လည်း ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးလေးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် သွင်းဂိုး ၂၅ ဂိုးဖြင့် ရွှေဖိနပ်ဆုရရှိရန် သေချာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ဂိုးသွင်းအများဆုံးကစားသမား စာရင်းတွင် ဟာလန်းက သွင်းဂိုး ၂၅ ဂိုးဖြင့် ပထမ၊ ပယ်လ်မာနှင့် အစ်ဆက်ခ်တို့က သွင်းဂိုး ၂၀ ဖြင့် တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး ပယ်လ်မာ၏ ချဲလ်ဆီးအသင်းက လက်ကျန်ပွဲ လေးပွဲ၊ အစ်ဆက်ခ်က လက်ကျန်ပွဲသုံးပွဲ ကျန်ရှိနေချိန်တွင် ဟာလန်း၏ သွင်းဂိုးအရေအတွက်ကိုလိုက်မီရန် မသေချာသောကြောင့် ပရီးမီးယားလိဂ်ရွှေဖိနပ်ဆုအတွက် ဟာလန်းက ရေပန်းစားလျက်ရှိသည်။

ဝုဗ်အသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းက ပွဲချိန် ၁၂ မိနစ်၊ ၃၅ မိနစ်၊ ၄၅ မိနစ်၊ ၅၄ မိနစ်တို့တွင် ဦးဆောင်ဂိုးများ သွင်းယူခဲ့ကာ အသင်းဖော် အယ်ဗာရက်ဇ်က ပွဲချိန် ၈၅ မိနစ်တွင် ပဉ္စမမြောက်ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဝုဗ်အသင်းက ပွဲချိန် ၅၃ မိနစ်တွင် ချေပဂိုး တစ်ဂိုးသာ ရရှိခဲ့သောကြောင့် မန်စီးတီးအသင်းက ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အဆင့်(၁)မှ အာဆင်နယ်အသင်းနှင့် တစ်ပွဲလျော့ တစ်မှတ်အကွာဖြင့် ချန်ပီယံဆုအတွက် ဖိအားပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# ဘာစီလိုနာရှုံးပွဲကြုံတွေ့မှုကြောင့် ရီးရဲလ်မက်ဒရစ် လာလီဂါချန်ပီယံဖြစ်လာ



**မက်ဒရစ် မေ ၅**

လာလီဂါ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃၄)တွင် ဘာစီလိုနာအသင်းက ဂျီရိုနာအသင်းကို လေးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲ လေးပွဲအလိုတွင် ရီးရဲလ်မက်ဒရစ် အသင်းက လာလီဂါ ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့သည်။

ပွဲစဉ်(၃၄)တွင် ရီးရဲလ်မက်ဒရစ် အသင်းက ကာဒီဇက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဘာစီလိုနာအသင်းက ဂျီရိုနာကို ဂိုးပြတ်ရှုံးနိမ့်ခဲ့မှုကြောင့် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ရီးရဲလ်မက်ဒရစ်အသင်းက ဒုတိယနေရာမှ ဂျီရိုနာအသင်းကို ရမှတ် ၁၃ မှတ် ဖြတ်တောက်နိုင်ခဲ့ပြီး ဘာစီလိုနာအသင်းအနေဖြင့်လည်း ရမှတ် ၇၃ မှတ်ဖြင့် အဆင့်(၃) နေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် ဂျီရိုနာအသင်းနှင့်ပွဲစဉ်တွင် ပွဲအစ သုံးမိနစ်ကတည်းက ဦးဆောင်ဂိုး ရယူနိုင်ခဲ့သော်လည်း ပွဲချိန် လေးမိနစ်တွင် ချေပဂိုး ပြန်လည် ခွင့်ပြုခဲ့ရပြီး ဂျီရိုနာအသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် တိုက်စစ်မြင့် ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၄၅ မိနစ်တွင် ပင်နယ်တီမှ ဦးဆောင်ဂိုးထပ်မံရရှိခဲ့ကာ ဒုတိယ ပိုင်းတွင် အနိုင်ရလဒ်ကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သော်လည်း ဂျီရိုနာ အသင်းက ပွဲချိန် ၆၄ မိနစ်တွင် လူစားလဲမှု ပြုလုပ်နိုင်ခဲ့ပြီး နောက်ပိုင်း ကစားပုံပြောင်းလဲသွားချိန်တွင် ဘာစီလိုနာခံစစ်ပိုင်း အမှားများခဲ့သောကြောင့် ပွဲချိန် ၆၅ မိနစ်၊ ပွဲချိန် ၆၇ မိနစ်နှင့် ပွဲချိန် ၇၄ မိနစ်တို့တွင် ချေပဂိုးနှင့် ဦးဆောင်ဂိုးများ ခွင့်ပြုခဲ့ရပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ် အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၃၄ ပွဲကစားခဲ့ရာ ၂၇ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ် ထွက်ပေါ်ခဲ့ပြီး ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်သို့ရောက်ရှိခဲ့ကာ ပထမအကျော့ အဝေးကွင်းပွဲစဉ်၌ ဘိုင်ယန်မြူးနစ်အသင်းကို ဗင်နီစီးယက်စ်၏ သွင်းဂိုးများဖြင့် နှစ်ဂိုးစီ သရေရလဒ်ကစားနိုင်ခဲ့သဖြင့် လာမည့် ဗုဒ္ဓဟူးနေ့တွင်ကစားမည့် ဒုတိယအကျော့တွင် အိမ်ကွင်းအားသာချက်ဖြင့် နိုင်ပွဲရရှိရန် အခွင့်အရေးများနေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# မေဂျာလိဂ်ပြိုင်ပွဲ တစ်ပွဲအတွင်း ဂိုးဖန်တီးမှု အများဆုံးပြုလုပ်နိုင်သည့် ကစားသမားအဖြစ် တိုက်စစ်မှူးမက်ဆီ မှတ်တမ်းဝင်

**ဝါရှင်တန် မေ ၅**

မေဂျာလိဂ် ပြိုင်ပွဲအဖြစ် တိုက်စစ်မှူးမက်ဆီ၏ အင်တာမီယာမီအသင်းက နယူးယောက်ရက်ဘူးလ်အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မက်ဆီက အသင်းအတွက် ဖန်တီးမှု ငါးကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် ပြိုင်ပွဲတစ်ပွဲအတွင်း ဂိုးဖန်တီးမှု အများဆုံးပြုလုပ်နိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် နယူးယောက်ရက်ဘူးလ်အသင်းက ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နေသော်လည်း ဒုတိယပိုင်းတွင် ပွဲချိန် ၄၈ မိနစ်၊ ၆၂ မိနစ်၊ ၆၉ မိနစ်၊ ၇၅ မိနစ်နှင့် ၈၁ မိနစ်တို့တွင် အသင်းဖော် ကစားသမားများအတွက် တိုက်စစ်မှူးမက်ဆီက ဖန်တီးမှု ငါးကြိမ်ပြုလုပ်ပေးနိုင်ခဲ့သည့်အပြင် ပွဲချိန် မိနစ် ၅၀ တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ၎င်းသည် ပြိုင်ပွဲတစ်ပွဲအတွင်း ဖန်တီးမှုအများဆုံးနှင့် ဂိုးပါဝင်ပတ်သက်မှု အများဆုံးကစားသမားအဖြစ် မှတ်တမ်းကောင်းများ ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိ အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲအပြီးတွင် တိုက်စစ်မှူး မက်ဆီက သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှုကိုးကြိမ် ပြုလုပ်နိုင်ခဲ့သဖြင့် သွင်းဂိုးနှင့် ဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ဦးဆောင်လျက်ရှိပြီး မေဂျာလိဂ်ပြိုင်ပွဲတွင် ၂၀၁၉ ခုနှစ်က သွင်းဂိုး ၃၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံး စံချိန်ရရှိထားသည့် ကားလို့စ်ဗီလာနှင့် ၂၀၀၀ ပြည့်နှစ်က ဂိုးဖန်တီးမှု ၂၆ ကြိမ်ဖြင့် ဖန်တီးမှုအများဆုံးကစားသမား ဗယ်ဒါရာမာတို့၏ စံချိန်ကိုလိုက်မီရန် သေချာလျက်ရှိသည်။

တိုက်စစ်မှူး မက်ဆီသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် အနားယူခဲ့ရသော်လည်း ပါဝင်ခဲ့သည့် ပြိုင်ပွဲစုံ ၁၁ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်ပေးနိုင်ခဲ့ပြီး ကစားသမားဘဝ တစ်လျှောက် ကလပ်အသင်းပြိုင်ပွဲ ၈၇၈ ပွဲတွင် သွင်းဂိုး ၇၂၇ ဂိုးနှင့် ဂိုးဖန်တီးမှု ၃၁၉ ကြိမ်ထိ ရှိလာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ကန်နဲလိုအယ်ဗာရက်ဇ် ဆက်လက်ထိန်းသိမ်း

**နီဗားဒါး မေ ၅**

စူပါမစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုအတွက် WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ဇ်နှင့် WBC Silver စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား မန်ဂွီယာတို့ အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ပါရာဒိုက်မြို့၌ ယနေ့ ထိုးသတ်ခဲ့ရာ ကန်နဲလိုအယ်ဗာရက်ဇ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုအား ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ရှုံးပွဲမရှိသေးသည့် မန်ဂွီယာ အနေဖြင့် ပထမဦးဆုံးသော ရှုံးပွဲဖြင့် ရင်ဆိုင်သွားခဲ့ရပြီး ပွဲစဉ်တစ်လျှောက် ကန်နဲလိုအယ်ဗာရက်ဇ်၏ ဖိအားပေးထိုးသတ်မှုဖြင့် ရင်ဆိုင်ခဲ့ရသည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် အမှတ်(၁) ဒိုင်က (၁၁၇-၁၁၀) ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၂)ဒိုင်က (၁၁၆-၁၁၁) ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃) ဒိုင်က (၁၁၅-၁၁၂)ရမှတ်ဖြင့်လည်းကောင်း ကန်နဲလိုအယ်ဗာရက်ဇ်အား အနိုင်ပေးသွားခဲ့သည်။

ကန်နဲလိုအယ်ဗာရက်ဇ်က "ဒီပွဲစဉ်ဟာ ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိတဲ့ စိန်ခေါ်ပွဲတစ်ပွဲဖြစ်ပါတယ်။ ကျွန်တော်ကို ထိုးသတ်ဖို့အခွင့်အရေးပေးတဲ့ မန်ဂွီယာကို ကျေးဇူးတင်ပါတယ်။ မန်ဂွီယာဟာ လက်ဝှေ့လောကမှာသာမက ပုဂ္ဂိုလ်ရေးအရပါ ကောင်းမွန်တဲ့ လက်ဝှေ့သမားတစ်ယောက်ပါ။ အနာဂတ်မှာ ချန်ပီယံခါးပတ်တွေအများကြီး ပိုင်ဆိုင်နိုင်မဲ့ စွမ်းဆောင်ရည်တွေ ပိုင်ဆိုင်ထားတဲ့ ကျွန်တော့်ညီလေးဟာ နောက်ထပ်အောင်မြင်မှုတွေ ဆွတ်ခူးနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။



**Ref : Sputnik**
**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- ❑ အေစီမီလန်အသင်းက ပိုင်အိုလီ၏နေရာတွင် အစားထိုးနိုင်ရန် ဘိုင်ယန်မြူးနစ်အသင်းမှထွက်ခွာမည့် နည်းပြတူချယ်ကိုလည်း ဦးစားပေးစာရင်း၌ ထည့်သွင်းခဲ့ကြောင်း သိရသည်။
- ❑ ဘင်ဖီကာအသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသည့် အသက် ၅၇ နှစ်ရှိ နည်းပြရှမစ်ဒ်ကို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် ဆွေးနွေးခဲ့ရာ ငြင်းပယ်ခံခဲ့ရကြောင်း သိရသည်။
- ❑ လာမည့်နွေရာသီတွင် အန်တိုနီကိုရောင်းချရန်အတွက် ကမ်းလှမ်းလာမည့်အသင်းများကို စောင့်ဆိုင်းလျက်ရှိကြောင်း မန်ယူအသင်းက ထုတ်ပြန်ခဲ့သည်။ ML

### အီတလီစီးရီးအေ ပွဲစဉ် (၃၅) ရလဒ်

| | | | | |
|---|---|---|---|---|
| ကယ်ဂလီယာရီ | ၁ | - | ၁ | လက်ချီ |
| အမ်ပိုလီ | ၀ | - | ၀ | ဖရိုစီဝမ်း |
| ဗီရိုနာ | ၂ | - | ၁ | ဖီအိုရင်တီးနား |
| အေစီမီလန် | ၃ | - | ၃ | ဂျီရိုနာ |

(၀၄၀)

# ဝက်စ်ဟမ်းအသင်းက ကယ်ဗင်ဖီးလစ်ကို အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ မန်စီးတီးအသင်းထံ ပြန်လည်စေလွှတ်ရန်ဆုံးဖြတ်



**လန်ဒန် မေ ၅**

ဝက်စ်ဟမ်းအသင်းက မန်စီးတီးအသင်းထံမှ ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ ရာသီအကုန်တွင် မန်စီးတီးအသင်းထံ ပြန်လည်စေလွှတ်မည်ဖြစ်သည်။

ကယ်ဗင်ဖီးလစ်သည် လိဒ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အင်္ဂလန်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ကယ်ဗင်ဖီးလစ်သည် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရပြီး ပွဲကစားခွင့်နည်းပါးခဲ့ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ဝက်စ်ဟမ်းအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အငှားစာချုပ်သက်တမ်းကုန်ဆုံးပါက အပြီးသတ်ဝယ်ယူခွင့်ပါရှိသော်လည်း ဝက်စ်ဟမ်းအသင်းက ထပ်မံစာချုပ်ချုပ်ဆိုမည်မဟုတ်တော့ဘဲ မန်စီးတီးအသင်းထံ ပြန်လည်စေလွှတ်မည်ဖြစ်သည်။

ကယ်ဗင်ဖီးလစ်သည် ဝက်စ်ဟမ်းအသင်းတွင်လည်း ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၂ ပွဲ ပါဝင်ကစားထားသော်လည်း တစ်ဂိုးမျှ သွင်းယူနိုင်ခြင်းမရှိသည့်အပြင် ဂိုးဖန်တီးမှုလည်း မပြုလုပ်နိုင်သည့်အတွက် ဝက်စ်ဟမ်းအသင်းက မန်စီးတီးအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : STA**

# ဘာစီလိုနာအသင်းက ဆာဂျီရိုရော်ဘတ်တိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**ဘာစီလိုနာ မေ ၅**

ဘာစီလိုနာအသင်းက အသင်းမှ ကွင်းလယ်ကစားသမား ဆာဂျီရိုရော်ဘတ်တိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ် ချုပ်ဆိုသွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဆာဂျီရိုရော်ဘတ်တိုသည် ဘာစီလိုနာအသင်း အကယ်ဒမီဖြစ်သည့် မာလာစီယာ အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပူးပေါင်းခဲ့သော်လည်း အသင်းကြီးတွင် ကစားခွင့်မရရှိသေးဘဲ အရန်အသင်းနှင့်သာ ပူးပေါင်းခဲ့ရပြီး ၂၀၁၃ ခုနှစ်မှသာ အသင်းကြီးနှင့် စတင်ပူးပေါင်း၍ လက်ရှိအချိန်ထိ ဘာစီလိုနာအသင်း တစ်သင်းတည်းတွင်သာ ကစားလျက်ရှိနေသူဖြစ်သည်။


လက်ရှိ ဘာစီလိုနာအသင်းနှင့် ဆာဂျီရိုရော်ဘတ်တို၏ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် ဘာစီလိုနာအသင်းကလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စတင်ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ယခုအခါ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် ဆာဂျီရိုရော်ဘတ်တိုနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့သော်လည်း မည်သည့်ကာလထိ ချုပ်ဆိုမည်ကို ကြေညာခြင်းမရှိသေးဘဲ လာမည့်ရက်ပိုင်းမှသာ စာချုပ်အသေးစိတ်အချက်အလက်များကို တရားဝင်ကြေညာမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို စဝီယာတက်ခ် ဆွတ်ခူး



**မက်ဒရစ် မေ ၅**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပခဲ့သည့် Mutua Madrid Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၇-၅၊ ၄-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စဝီယာတက်ခ်သည် ဆာဘာလင်ကာအား ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး အနိုင်ရခဲ့သော ပွဲငယ်နှစ်ပွဲစလုံးတွင် tie-break အဆင့်အထိ ကစားသွားခဲ့ရသည်။

ဒုတိယပွဲငယ်တွင် ဆာဘာလင်ကာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရသော်လည်း ပထမပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် စဝီယာတက်ခ်က အနိုင်ရခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ် အနေဖြင့် စိတ်ရှည်ပြီး ပွဲအပေါ် အာရုံစိုက်နိုင်ခဲ့သည့်အတွက်ကြောင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး တတိယပွဲငယ်တွင်လည်း tie-break ၌ ဆာဘာလင်ကာ၏ ထင်မှတ်မထားသည့် အမှားတချို့ကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

စဝီယာတက်ခ် အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် အလုံး ၂၀ မြောက်ဆုဖလားကို ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

စဝီယာတက်ခ်က "ဆာဘာလင်ကာအနေနဲ့ နောက်ထပ်ဗိုလ်လုပွဲတွေ ဆက်လက်တက်ရောက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဆာဘာလင်ကာနဲ့ကစားတိုင်း အမြဲတမ်းခက်ခဲခဲ့တယ်။ သူနဲ့ကစားတိုင်း ကျွန်မအနေနဲ့ ပိုပြီးတော့ အာရုံစိုက်ဖြစ်ခဲ့သလို ပိုပြီးတော့ ကြိုးစားဖြစ်ခဲ့တယ်။ ဆာဘာလင်ကာတို့လို ပြိုင်ဘက်ကောင်းတွေကြောင့် ကျွန်မအနေနဲ့ ပိုကောင်းတဲ့ ကစားသမားတစ်ယောက်ဖြစ်ခွင့်ရလာခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : AZL**

# ပရီးမီးယားလိဂ် ပွဲစဉ် (၃၆) ပွဲကြိုသုံးသပ်ချက်

**ML**

**ပဲလေ့စ် Vs မန်ယူ**

**ကစားမည့်ရက်/အချိန် ၇-၅-၂၀၂၄ (နံနက် ၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၀ - ၁ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ပဲလေ့စ်** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |
| **မန်ယူ** | – | **အိမ်(သရေ)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |

ပဲလေ့စ်အသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ တစ်ပွဲရှုံးခဲ့ပြီး တိုက်စစ်ပိုင်းထက်မြက်နေပေမဲ့ ခံစစ်ကစားပုံ လိုအပ်ချက်ရှိနေတာကိုတွေ့ရမှာပါ။ မန်ယူကတော့ အသင်းလိုက်ကစားပုံတည်ငြိမ်ဖို့ ရုန်းကန်နေရပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ထက်မြက်နေတာကြောင့် အခုပွဲကို နိုင်ပွဲရယူပြီး ဥရောပဝင်ခွင့်သေချာဖို့ ကြိုးစားလာမှာပါ။ ဒါကြောင့် အဝေးကွင်းဂိုးသွင်းအားကောင်းနေတဲ့ မန်ယူကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ပဲလေ့စ် ၁ - ၂ မန်ယူ**

# ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အကြီးဆုံးကစားသမားအဖြစ် မိုဒရစ်မှတ်တမ်းဝင်

**မက်ဒရစ် မေ ၅**

ရီးရဲလ်မက်ဒရစ်အသင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်သည် စပိန်လာလီဂါပွဲစဉ် (၃၄) အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကာဒီဇက်အသင်းတို့ပွဲစဉ်တွင် ပါဝင်ခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် အသက်အကြီးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

စပိန်လာလီဂါ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက ကာဒီဇက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့်အချိန်၌ မိုဒရစ်သည် အသက် ၃၈ နှစ်နှင့် ၂၃၈ ရက် ရှိနေပြီဖြစ်သည့်အတွက် ဖီရန်စီပွတ်ကက်ရှ်ကို ကျော်ဖြတ်ပြီး ရီးရဲလ်မက်ဒရစ်အသင်း သမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲ၌ အသက်အကြီးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် အသက်အကြီးဆုံး ကစားသမားအဖြစ် မိုဒရစ် မတိုင်မီက ဖီရန်စီပွတ်ကက်ရှ်က အသက် ၃၈ နှစ် ၂၃၃ ရက်ဖြင့် မှတ်တမ်းဝင်ခဲ့ပြီး ယခုအခါ မိုဒရစ်က ၃၈ နှစ် ၂၃၈ ရက်ဖြင့် ကျော်ဖြတ်ပြီး စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။

မိုဒရစ်သည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဆယ်စုနှစ်တစ်ခုကျော်ကြာ အဓိကကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင် အဓိက ကစားသမားအဖြစ် ကွင်းလယ်ပိုင်းကို ထိန်းကျောင်းနိုင်ခဲ့ပြီး လာလီဂါပြိုင်ပွဲတွင်လည်း ၂၉ ပွဲထိ ပါဝင်ခွင့်ရရှိထားကာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်ပေးနိုင်ခဲ့သကဲ့သို့ အသင်းနှင့် ပြိုင်ပွဲစုံ ၅၂၉ ပွဲထိ ကစားခဲ့ရာ ၃၉ ဂိုး သွင်းယူပေးထားသူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# အီတလီစီးရီးအေ ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်

**ML**

**အူဒီးနီးစ် Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၇-၅-၂၀၂၄ (နံနက် ၀း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နာပိုလီ ၄ - ၁ အူဒီးနီးစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အူဒီးနီးစ်** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(သရေ)** |
| **နာပိုလီ** | – | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

အူဒီးနီးစ်အသင်းဟာ တန်းဆင်းဇုန်ထဲရောက်နေတာကြောင့် နောက်ပိုင်းမှာ ရမှတ်မဆုံးရှုံးဖို့ ရေကုန်ရေခမ်းကစားနေတာဖြစ်သလို ပြီးခဲ့တဲ့အဝေးကွင်းမှာလဲ ဘိုလော့ဂ်နာကို သရေကစားခဲ့တာဖြစ်ပါတယ်။ နာပိုလီအနေနဲ့ ဥရောပဝင်ခွင့်ရဖို့ ရမှတ်လိုအပ်ချက်ရှိနေပေမဲ့ အသင်းလိုက်ကစားပုံကျဆင်းနေသလို အဝေးကွင်းခံစစ်ပိုင်းကလဲ ပေးဂိုးများနေတာကြောင့် အခုပွဲမှာ ရုန်းကန်ရဖို့များပါတယ်။ ဒါကြောင့် တန်းမဆင်းရဖို့ ရမှတ်ရှာဖွေရမဲ့ အိမ်ရှင်အူဒီးနီးစ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အူဒီးနီးစ် ၁ - ၁ နာပိုလီ**

# ဆရာသိန်းဖေမြင့်၏ အစွမ်းကုန်သန့်ရှင်းရေး ဝတ္ထုတိုကိုလေ့လာခြင်း

ပုသိမ်အောင်သန်းဦး

လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့်ပတ်သက်ပြီး လွှတ်တော်တွင်လည်း ဥပဒေပြုရေး၊ တားဆီးနှိမ်နင်းရေးများလုပ်ရန် အဆိုများတင်သွင်းကြ၊ ထောက်ခံကြ၊ နိုင်ငံတော်အကြီးအကဲများကလည်း လာဘ်ပေးလာဘ်ယူကင်းစင်ရေးကို အဓိကထားဆောင်ရွက်မည်ဟူသည့် အသံများကြားနေရသည်။

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီးတချို့ပင် လာဘ်ပေးလာဘ်ယူမှုများနှင့် ရင်ဆိုင်နေကြရ၊ နုတ်ထွက်ခဲ့ရ၊ ထောင်ဒဏ်ကျခံရသည့်သတင်းများကြားနေရသည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် အစိုးရမင်းအဆက်ဆက်သည် လာဘ်ပေးလာဘ်ယူကင်းရှင်းရေးကို ကြိုးစားခဲ့ကြလေသည်။ အရေးယူမှုများလည်း လုပ်ခဲ့ကြရလေသည်။

ဤသည်နှင့်ပတ်သက်၍ ၁၉၅၅ ခုနှစ်ကပင် စာရေးဆရာကြီး သိန်းဖေမြင့်သည် လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်သည့် ဝတ္ထုတိုတစ်ပုဒ်ကို ရှုမဝ မဂ္ဂဇင်း၌ ရေးသားခဲ့သည်။ ဝတ္ထု၏အမည်မှာ "အစွမ်းကုန်သန့်ရှင်းရေး" ဖြစ်သည်။

ဝတ္ထုဇာတ်လမ်းက ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံးကိုအခြေခံကာ အဆိုပါရုံးတွင် အောက်တန်းစာရေးလေးအဖြစ် တာဝန်ထမ်းဆောင်နေသော ကိုကျော့ကို ဇာတ်ကောင်ပြုထားသည်။ ကိုကျော့မှာ နှစ်ပေါင်း ၂၀ ခန့် အောက်တန်းစာရေးအဖြစ် တာဝန်ထမ်းဆောင်နေသော်လည်း ရာထူးမှာ မတက်၊ အသက်ပင် ၄၀ ကျော်လာပြီဖြစ်သည်။ စာရေးဆရာက ကိုကျော့၏ဘဝကို ဤသို့ဆက်၍ ပုံဖော်ပြသည်။ အောက်တန်းစာရေးလေး ကိုကျော့သည် အထက်တန်းစာရေးရာထူးကို နှစ်ပေါင်းများစွာ အလုပ်လုပ်သော်လည်း မရရှိခဲ့သေးသောကြောင့် လခငွေကျပ် ၁၅၀ ဖြင့် ရုန်းကန်နေရ၏။ သူ့မိန်းမက သူထက် ၁၅ နှစ်ခန့်ငယ်သည်။ အချောအလှကြီးမဟုတ်သော်လည်း အသားဝင်းဝင်းနှင့် တောင့်တောင့်ဖြောင့်ဖြောင့်ရှိသည်။ အရပ်ထဲတွင် ကိုကျော့ကို စာရေးကြီးဟု ခေါ်ကြသည်။ ကိုကျော့ကလည်း အလှူပွဲများတွင် လူကြီးလိုနေသည်။ တိုက်ပုံအင်္ကျီကို မချွတ်၊ ဘုရားတရားစကားများကို ပြောလေ့ရှိသည်။

ကိုကျော့က သူ့မိန်းမကို အလိုလိုက်သည်။ ရေခပ်ပေးသည်။ အဝတ်ကူလျှော်ပေးသည်။ ချက်ရေး၊ ပြုတ်ရေးတွင်လည်း ကူညီပေးသည်။ အရပ်ထဲတွင် စာရေးကြီးဟု အများက အရိုအသေပေးကြသော်လည်း ရုံးတွင် သူနှင့်တန်းတူ အောက်တန်းစာရေးများက ကိုကျော့ဟုခေါ်ကြသည်။ စာရေးကြီးများကမူ မောင်ကျော့ဟုခေါ်ကြပြီး အမျိုးသမီးဘီအေမဝန်ထောက်နှင့် အခြားဝန်ထောက်များကလည်း မောင်ကျော့ဟုခေါ်လေ့ရှိသည်။ အတွင်းဝန်ကလေးမှစ၍ အထက်အရာရှိများကမူ ယဉ်ကျေးသူများက မောင်ကျော့ဟုခေါ်၍ ရိုင်းလျှင် ဟဲ့ကောင် ဟုခေါ်ကြသည်။ ရုံးမှာတော့ သူ့ကို မည်သူကမျှ စာရေးကြီးဟုမခေါ်ကြပေ။

စာရေးကိုကျော့မှာ သူရသည့်လစာနှင့် မလုံလောက်ဘဲ အမြဲတမ်းတစ်လစာအကြွေးတင်နေတတ်သည်။ ငွေတိုးချေးစားသူထံ ငွေချေးရဦးမည်။ အိမ်လခ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသော ကုန်ခြောက်ဆန်အကြွေး၊ သား၊ ငါးနှင့် ငါးစိမ်းသည်များ၏အကြွေး၊ ပဲပြုတ်သည်၏အကြွေး၊ ရုံးအနီးလက်ဖက်ရည်ဆိုင်မှ လက်မှတ်ထိုးသောက်ထားသည့်အကြွေး၊ သည်အကြွေးများကြောင့် ဇနီးသည်ကို လုံချည်တစ်ကွင်းဝယ်ပေးမည်ဟူသည့် ကတိပျက်ပေါင်းများပြီ။ မိန်းမ၏မျက်ရည်စ၊ ဆူပူသံများနှင့် နပန်းလုံးနေရသည်။ စာရေးဆရာက အောက်တန်းစာရေးလေး ကိုကျော့၏အခြေအနေကို ပထမတင်ပြသည်။

တစ်ဖန် ရုံးအနီးရှိ လက်ဖက်ရည်ဆိုင်တွင် စာရေးများ လက်ဖက်ရည်သောက်ရင်းပြောကြသည့် စကားလုံးများဖြင့် သူ့ဝတ္ထုကြွလာအောင် ပုံဖော်ပြန်သည်။

ပါတီခေါင်းဆောင်တချို့နှင့် အရာရှိကြီးမာစတာတချို့က စံပြအဖြစ် လာဘ်စားကြပုံ၊ လက်ဆောင်ယူကြပုံ၊ ရာထူးအာဏာအခွင့်အရေးကိုသုံးပြီး ဆွေမျိုးသားချင်းနှင့် တပည့်တစ်ပန်းများကို စီးပွားဖြစ်အောင် မစကြပုံ၊ လခ ငွေကျပ် ၁၅၀ စားအရာရှိတစ်ယောက် ယောက္ခမနာမည်နှင့် တိုက်ဆောက်နေပုံ၊ သမဝါယမဝန်ထမ်းမှူးတစ်ယောက် ခြံမြေနှင့် အိမ်ကြီးတစ်ဆောင်ဝယ်လိုက်ပုံ၊ လူထုစည်းရုံးရေးမှူးတစ်ယောက် ဘတ်စကားသုံးစီးပိုင်ရှင်ဖြစ်လာပုံ၊ မြို့နယ်တစ်ခုမှ လာဘ်စားမှုဖြင့် အလုပ်ပြုတ်လာသော ရာဇဝတ်အုပ်တစ်ယောက် ဘီအက်စ်အိုင်မှာ အရာရှိဖြစ်လာပုံတို့ကို ဖော်ပြထားသည်။

"ငါတို့ဟာ အဲဒီလူတွေရဲ့ ခြစားလမ်းစဉ်ကို ရှောင်ကွင်းပြီးတော့ တောက်ပြောင်တဲ့နမူနာကို ရှာကြရအောင်"

"ရဲဘော်ကြီး ဦးထွန်းညိုရဲ့ နမူနာကို ယူရမယ်"

ငွေစာရင်းမင်းကြီးရုံးမှ စာရေးကြီး ဦးထွန်းညို၏အမူကို နားထောင်နေကြသည်။ နှစ်ရှည်လများ ပိပိပြားပြားသိမ်းချုံ၍စားသည်ဟူသောအမှုကြီးဖြစ်သည်။

"ကဲ. . . အဲဒါဟာ တောက်ပြောင်တဲ့ နမူနာ မဟုတ်လား"

"ငါတို့တော့ သောင်းချီပြီးရမယ်။ တစ်သက်စာ စားလောက်သောက်လောက်အောင်ရမယ်ဆိုရင် ယူမှာပဲကွ။ ထောင်ကျလဲ အိုးစည်ဗုံမောင်းနဲ့ ထောင်ထဲဝင်မယ်"

စာရေးများ ရယ်မောလိုက်ကြသည်။ ဤသည်မှာ ရှေ့တွင် စာရေးလေး မောင်ကျော့ ကြုံတွေ့ရမည့် လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်ပြီး လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်။ (ဝတ္ထုထဲမှ ငွေကြေးပမာဏမှာ ၁၉၅၅ ခုနှစ်က ငွေကြေးအခြေအနေများဖြစ်ပါသည်။)

ရိုးသားသော စာရေးလေးမောင်ကျော့၏ လုပ်ငန်းခွင်အခြေအနေတွင် ကြုံတွေ့ခဲ့ရသောရင်မောဖွယ်ဖြစ်ရပ်ကို စာရေးဆရာက ဤသို့ဆက်၍ ပုံဖော်ပြန်ပါသည်။

ကိုကျော့သည် ဖိုင်များကို အစီအစဉ်တကျစာများကိုတွဲနေသည်။ ထိုအခိုက် သားနားခန့်ညားသောလူတစ်ယောက် သူ့ရှေ့မှာ လာရပ်သည်။

"ဒီမှာ မိတ်ဆွေ။ ခင်ဗျားဆီမှာ ကျုပ်ကိုပေးဖို့ အမိန့်စာရောက်နေပြီ မဟုတ်လား"

"ဘယ်သူပါလိမ့်ဗျာ"

ထိုသူက ပုံနှိပ်ထားသောကတ်ပြားလေး ထုတ်ပေးသည်။

"မတွေ့သေးဘူးလားဗျ"

"ဒီမှာတော့ မတွေ့သေးဘူး။ ကျွန်တော့်ဆီမရောက်သေးဘူးထင်တယ်"

"ဟာ သေချာပေါက်ရောက်လောက်ပြီပဲ။ ဘုတ်အဖွဲ့ကလဲ ထောက်ခံပြီးပြီ။ ဝန်ကြီးကလဲ လက်မှတ်ထိုးပြီးပြီ။ အတွင်းဝန်တွေ လက်ထဲကလဲ ကျသွားပြီးပြီ"

"ဒါဖြင့် မနက်ဖြန်လောက် ကျွန်တော့်ဆီ ရောက်မှာပေါ့ဗျာ"

"ဟိုအခန်းနဲ့ ဒီအခန်း ဒီလောက်မကြာနိုင်ပါဘူး"

"လုပ်ပါ စာရေးကြီးရယ်။ ရှာပေးစမ်းပါအုံး။ ဒီအပုံတွေထဲမှာ ကြည့်ပေးစမ်းပါအုံး"

"ဒီအပုံထဲမှာ ရောက်နေပြီလား၊ ဘာလားမသိဘူး။ တစ်ခုပြီးတစ်ခု အစဉ်လိုက် စာရင်းသွင်းပြီးတော့ သိမှာပဲဗျ။ တွေ့ရင်ပို့လိုက်ပါ့မယ်"

ထိုသူသည် ဖွင့်ထားသောစာအိတ်လေးတစ်လုံးကို ကိုကျော့ရှေ့မှာချလိုက်သည်။ ငွေစက္ကူဆယ်တန် အစလေးကို အိတ်ထဲမှာမြင်နေရသည်။

"ကဲ လက်ဖက်ရည်ဖိုးယူပါ။ ရှာပေးစမ်းပါအုံး။ လုပ်ပါဗျာ။ ဒီနေ့ရဖို့ အရေးကြီးနေလို့ပါ"

ကိုကျော့ စာအိတ်လေးကို မှတ်ပုံတင်စာအုပ်ဖြင့် ဖုံးထားလိုက်သည်။ ထိုသူကို ထိုင်ခိုင်းပြီး ကိုကျော့ ထပ်ရှာသည်။ အတန်ကြာမှ ထိုသူအလိုရှိသောစာကိုတွေ့သည်။

" ဒါကြောင့်ပြောတယ်မဟုတ်လား။ ပေး ပေး"

"ခဏနေပါအုံး။ ကျွန်တော် မှတ်ပုံတင်လိုက်ပါအုံးမယ်"

"ကဲ ဒီမှာလက်မှတ်ထိုးခဲ့ပါခင်ဗျာ"

ထိုသူ လက်မှတ်ရေးထိုးပြီး စာကိုယူသွားသည်။ ကိုကျော့ စာအိတ်ကိုဖွင့်ကြည့်တော့ ဆယ်တန်သုံးရွက် တွေ့ရသည်။ ဆယ်တန်လေးများကို ကြည့်ပြီး ကိုကျော့ စိတ်ကူးယဉ်နေမိသည်။

ထိုစဉ် သူ့ဆီကို လာနေသော အတွင်းဝန်ကလေး၊ ယူနီဖောင်းဝတ် ပုလိပ်အရာရှိ နှစ်ဦး၊ အရပ်ဝတ်ပုလိပ်အရာရှိများနှင့် ငွေကျပ် ၃၀ လက်ဖက်ရည်ဖိုးပေးသွားသော မိတ်ဆွေကြီးတို့ကို တွေ့မြင်ရသည်။

"ဟော့ကောင်။ မင်းက ငါတို့ရုံးကို နာမည်ပျက်အောင်လုပ်တယ်ပေါ့လေ ဟုတ်လား"

"ဟော့ ပြောလေကွာ။ မင်းလာဘ်စားတဲ့အကြောင်း တိုင်တဲ့လူကတိုင်လို့ စသုံးလုံးအရာရှိကြီးများက ချက်ချင်းလိုက်လာတယ် သိလား"

"ကဲ ဝန်ခံရင် ဝန်ခံ။ ဝန်မခံရင် မင်းကိုရှာရမယ်"

ကိုကျော့က စာအိတ်လေးကို ထုတ်ပေးလိုက်သည်။

"တောက် ငါတို့ရုံးကို နာမည်ဖျက်တဲ့ သိုးမည်းပဲ။ ဘရာသာတို့ ဥပဒေအတိုင်း အရေးယူတော့"

အတွင်းဝန်ကလေး၏အသံက တစ်ရုံးလုံးကို လွှမ်းမိုးလျက် ကိုကျော့ခမျာ နေရင်းထိုင်ရင်း အချုပ်ထဲရောက်ရသည်။ နောက်တစ်နေ့တွင် ရုံးစာရေးများသမဂ္ဂမှ တွဲဖက်အတွင်းရေးမှူး ဦးထွန်းမောင်နှင့်အဖွဲ့က အာမခံပေးကာ ကိုကျော့ကို အချုပ်မှ ထုတ်ခဲ့သည်။

သူ့မိန်းမက ညကဘယ်လိုအိပ်ခဲ့ရသည်၊ ဘယ်လိုဒုက္ခရောက်ခဲ့သည်ကို မမေး။ အလုပ်မှ ဆပ်စပင်းရှင်း (ရာထူးချ) လုပ်လိုက်လျှင် အလုပ်ပြန်ရနိုင်သည်၊ မရနိုင်သည်ကိုသာ မေးသည်။ အမှုကို ဘယ်ပိုက်ဆံနှင့် ရင်ဆိုင်မလဲဟု ဆူဆဲသည်။ သို့ဖြင့် မိန်းမကို မရိုက်စဖူး ရိုက်မိသည်။ မိန်းမအိမ်ပေါ်မှ ဆင်းသွားသည်။ နောက်နေ့တွင် အလုပ်ပြုတ်ကြောင်း သိရသည်နှင့် မည်သည့်ဆိုင်ကမှ ကိုကျော့ကို အကြွေးမပေးတော့။ ပဲပြုတ်သည်မလေးကသာ ပဲပြုတ် ပြား ၅၀ ဖိုးအကြွေးပေးခဲ့သည်။

သတင်းစာထဲတွင်လည်း "နိုင်ငံတော်ဝန်ကြီးချုပ်၏ ဩဝါဒအတိုင်း ခြစားခြင်းအမြစ်ပါပြုတ်လိုသည့် အရာရှိနှင့် အစွမ်းကုန်သန့်ရှင်းရေးအလိုရှိသည့် ကုန်သည်ကြီးတို့၏ ပူးပေါင်းမှုနှင့် စသုံးလုံးတို့က စာရေးလောကခြစားမှုကြီးတစ်ခုကို ဖော်ထုတ်လိုက်ပြီ" ဆိုသည့် သတင်းပါလာသည်။

သတင်းစာကိုင်ရင်း စာရေးများ သမဂ္ဂမှ အမှုဆောင်များ ကိုကျော့ထံ ရောက်လာသည်။

"ကျွန်တော်ကလဲ စားမိတာကိုးဗျ။ ကျွန်တေ-ာ့ ထိုက်နဲ့ ကျွန်တော်ရှိပါစေတော့ဗျာ"

ကိုကျော့ကိုကြည့်ပြီး စာရေးများသမဂ္ဂမှ အမှုဆောင်များက ဤသို့ဆိုသည်။

"ခင်ဗျား စားမိတာတော့ ဟုတ်တယ်။ ဒီကိစ္စက ယိုသမျှချေး ပုစွန်ဆိတ်ခေါင်းစုတာပါပဲ။ ခင်ဗျား ဘာမှနားမလည်သေးဘူး၊ ခြစားမှုကို အမြစ်ပါဖြုတ်လိုတဲ့အတွင်းဝန်ကလေးနဲ့ အစွမ်းကုန်သန့်ရှင်းရေးလုပ်ချင်တဲ့ ကုန်သည်ကြီးတို့နှစ်ယောက်သားကျိတ်ကြံပြီး ခေါင်မိုးတက်ခြစားနေကြတာတဲ့ဗျာ။ သူတို့ရဲ့ အပုပ်နံ့တွေက ထွက်နေတာကြာလှပြီ။ အခုဟာက ခင်ဗျားကို သားကောင်လုပ်ပြီး လာဘ်ပေးလာဘ်ယူမှုဆင်ပေးပြီး သူတို့နာမည်ကောင်းရအောင်လုပ်တာ။ နားလည်လား"

ကိုကျော့က မျက်နှာငယ်လေးနှင့် ကြည့်နေသည်။

"ဒီမှာ အိမ်ကို ခြစားတာ နိုင်အောင်မသတ်နိုင်ရင် အိမ်ကို မီးရှို့ပစ်ရတယ်ဗျ"

"ကျုပ်တို့ အဖြစ်မှန်ကို အစီရင်ခံစာရေးပြီး ဝန်ကြီးချုပ်ဆီပို့မယ်။ ဘာဖြစ်ဖြစ် ဝန်ကြီးချုပ်သိသွားရင် မနည်းဘူး"

"အစွမ်းကုန်သန့်ရှင်းရေးလို့ အမည်ပေးဗျာ"

ဆရာသိန်းဖေမြင့်က မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ခုနစ်တာကာလအတွင်း ရုံး၊ ဌာနများတွင် လာဘ်ပေးလာဘ်ယူမှုကိစ္စရပ်များကို ဦးတည်ပြီး ရေးသားခဲ့သည့်ဝတ္ထုဖြစ်ပါသည်။ ဤဝတ္ထုပေါ်ပေါက်ခဲ့သည်မှာ ယခု ၆၉ နှစ်တိုင်ခဲ့ပါပြီ။ မြန်မာနိုင်ငံ ရုံး၊ ဌာနအသီးသီးတွင် လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းခဲ့ပြီလား၊ ကိုကျော့တို့လို အောက်ဆုံးအဆင့်မှ စာရေးများအပေါ် သားကောင်များအဖြစ် ကျင့်သုံးနေဆဲလားဆိုသည်ကို ဝေဖန်သုံးသပ်ကြပါကုန်။

**ကိုးကား**

**– သိန်းဖေမြင့် ဝတ္ထုတိုပေါင်းချုပ်မှ။**

❖ ကိုကျော့က သူ့မိန်းမကို အလိုလိုက်သည်။ ရေခပ်ပေးသည်။ အဝတ်ကူလျှော်ပေးသည်။ ချက်ရေး၊ ပြုတ်ရေးတွင်လည်း ကူညီပေးသည်။ အရပ်ထဲတွင် စာရေးကြီးဟု အများက အရိုအသေပေးကြသော်လည်း ရုံးတွင် သူနှင့် တန်းတူအောက်တန်းစာရေးများက ကိုကျော့ဟု ခေါ်ကြသည်။ စာရေးကြီးများကမူ မောင်ကျော့ဟုခေါ်ကြပြီး အမျိုးသမီး ဘီအေမဝန်ထောက်နှင့် အခြားဝန်ထောက်များကလည်း မောင်ကျော့ဟု ခေါ်လေ့ရှိသည်။ အတွင်းဝန်ကလေးမှစ၍ အထက်အရာရှိများကမူ ယဉ်ကျေးသူများက မောင်ကျော့ဟုခေါ်၍ ရိုင်းလျှင် ဟဲ့ကောင်ဟု ခေါ်ကြသည်။ ရုံးမှာတော့ သူ့ကို မည်သူကမျှ စာရေးကြီးဟုမခေါ်ကြပေ။ ❖

# ပဲခူးမြို့နယ်ရှိ ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းပွဲတော် ကျင်းပသွားမည်



**ပဲခူး မေ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းပွဲတော်တို့ကို မေ ၂၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓော စေတီတော်မြတ်ကြီး ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ဝင် ဦးတင်အောင်မြင့်က ပြောပြ၍ သိရသည်။

ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ညောင်ရေသွန်းပွဲတော်ကိုသာ ကျင်းပသော်လည်း ယခုနှစ်တွင် ဗုဒ္ဓပူဇာအဖြစ် သံဃာအပါး ၁၀၀၀ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာသဘင် ကျင်းပခြင်း၊ သံဃာပူဇာအဖြစ် သံဃာအပါး ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခြင်း၊ ဓမ္မပူဇာအဖြစ် ဗုဒ္ဓဝိမာန်တော်ကြီးတွင် ဓမ္မသဘင်ကျင်းပခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ညနေပိုင်း ညောင်ရေသွန်းပွဲတော်တွင်လည်း ပွဲတော်လာဧည့်ပရိသတ်များကို စတုဒိသာ ကျွေးမွေးခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မေ ၂၂ ရက် (ကဆုန်လပြည့်နေ့) နံနက် ၅ နာရီမှာ ပဲခူးမြို့ပေါ်က စာသင်တိုက်၊ ဓမ္မရိပ်သာနဲ့ ဘုန်းတော်ကြီးကျောင်းအသီးသီးက ပင့်သံဃာတော်အပါး ၁၀၀၀ နဲ့ စေတီတော်ကြီးကို အနေကဇာတင်ပါမယ်။ နံနက် ၅ နာရီ မိနစ် ၃၀ မှာ သံဃာအပါး ၁၀၀၀ နဲ့ သီလရှင်အပါး ၁၀၀ တို့ကို အရုဏ်ဆွမ်းကပ်လှူပါမယ်။ ဆွမ်းဆန်စိမ်းလောင်းလှူတာကတော့ ရင်ပြင်တော်မှာ ကျင်းပမှာဖြစ်ပါတယ်။ ညနေပိုင်း ၄ နာရီက စတင်ပြီးတော့ ညောင်ရေသွန်းပွဲတော်ကျင်းပပါမယ်။ ညနေ ၆ နာရီလောက်မှာ ဗုဒ္ဓဝိမာန်တော်ကြီးမှာ ဓမ္မသဘင်ကျင်းပပါမယ်"ဟု ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးတင်အောင်မြင့်က ပြောပြ၍ သိရသည်။

ASH

# Jackpot ဟာသအက်ရှင်ဇာတ်ကား၌ ဂျွန်ဆီနာနှင့် ဆီမူလျူတို့ သရုပ်ဆောင်ထား

**နယူးယောက် မေ ၅**

Amazon MGM ရုပ်ရှင်စတူဒီယို၏ Jackpot အမည်ရှိ ဟာသအက်ရှင် ဇာတ်ကားသစ်တွင် မင်းသား ဂျွန်စီနာနှင့် ဆီမူလျူတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

Jackpot ဇာတ်ကားတွင် ဂျွန်စီနာနှင့်ဆီမူလျူတို့အပြင် မင်းသမီး အော်ကွာဖီနာလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ပေါဖိတ်က တာဝန်ယူရိုက်ကူးပေးထားကြောင်း Amazon MGM ရုပ်ရှင်စတူဒီယိုက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Jackpot ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Jackpot ဇာတ်ကားကို ယခုနှစ် ဩဂုတ် ၁၅ ရက်တွင် Amazon Prime Video အွန်လိုင်းရုပ်သံလိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသရန် Amazon MGM စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# ပုဇွန်တောင်မြို့နယ် Sar Ga Art Gallery တွင် Serenity Scapes Group Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Sar Ga Art Gallery တွင် Serenity Scapes Group Exhibition ပန်းချီပြပွဲကို မေ ၄ ရက်မှစတင်ကာ ပြသလျက်ရှိကြောင်း အဆိုပါ Serenity Scapes Group Exhibition တွင် ပါဝင်ပြသနေသည့် ပန်းချီသူရကျော်က ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီခိုင်မင်းစိုးနှင့် သူရကျော်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၅၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပူပြင်းလှတဲ့ ဒီနှစ် နွေအပူမှာ စာဂအနုပညာပြခန်းမှ စီစဉ်ကျင်းပနေတဲ့ Serenity Scape ပန်းချီပြပွဲမှာ ခင်းကျင်းပြသထားတဲ့



ကျွန်တော်တို့ရဲ့ ပန်းချီလက်ရာတွေကို ကြည့်ရှုခံစားရင်း အေးချမ်းမှုကို ခံစားရအောင် လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်။ ပန်းချီပြပွဲကိုတော့ မေ ၄ ရက်ကနေ မေ ၈ ရက်ထိ ပြသပေးမှာဖြစ်ပါတယ်"ဟု ပန်းချီ သူရကျော်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသနေသည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၂၄×၂၄) လက်မ၊ (၃၆×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

# The Maze Runner ဇာတ်ကား ပြန်လည်ဆန်းသစ်ရိုက်ကူးရန်စီစဉ်ထား

**နယူးယောက် မေ ၅**

The Maze Runner ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးရေးအတွက် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

The Maze Runner ဇာတ်ကားအတွက် ဇာတ်ညွှန်းသစ်ရေးသားရန် ဇာတ်ညွှန်းရေးဆရာ ဂျက်ပါဂလန်းက ဒစ္စနီးကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Maze Runner ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့်ဒါရိုက်တာနှင့် သရုပ်ဆောင်များကို ဒစ္စနီးကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် မူလ The Maze Runner ဇာတ်ကား သုံးကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာ ဝက်ဘဲက The Maze Runner ဇာတ်ကားသစ်အတွက် ထုတ်လုပ်သူအဖြစ် တာဝန်ယူမည်ဖြစ်သည်။

The Maze Runner ဇာတ်ကားများသည် အသက်ရှင်သန်ရေးအတွက် ကြောက်မက်ဖွယ်ဝက်ပါတစ်ခုကို ဖြတ်ကျော်ရန်ကြိုးပမ်းခဲ့ရသော လူငယ်တစ်စု၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားသစ် ရုံတင်ပြသမည့်ရက်ကို ဒစ္စနီးကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# မလှိုင်မြို့နယ် မုံကန်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုံကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မေ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ထူးနေခြည်ခင်နှင့် ဒုတိယဦးစီးမှူး ဒေါ်အိသန္တာဇော်တို့က မုံကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မုံကန်ကျေးရွာတွင် အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၄ ဒသမ ၈၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီများဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဧပြီလပထမပတ်က လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at the ceremony to mark 78th Anniversary of Myanmar Fire Brigade Day




Vice-Senior General Soe Win views a video clip of firefighting drills.

**Nay Pyi Taw May 5**

A ceremony to mark the 78th Anniversary of Myanmar Fire Brigade Day took place at Myanmar International Convention Centre-MICC-II in Nay Pyi Taw this morning, with an address by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the ceremony were SAC members General Mya Tun Oo, Admiral Tin Aung San, Lt-Gen Yar Pyae, U Wunna Maung Lwin, Daw Dwe Bu and Mahn Nyein Maung, Union ministers, the Nay Pyi Taw Council chairman, Union-level dignitaries, senior military officers, deputy ministers, Nay Pyi Taw Council members, permanent secretaries, departmental heads, officers and members of Myanmar Fire Brigade Headquarters, retired fire brigade officers, representatives from permanent, auxiliary and separate fire brigade members from regions and states, outstanding award winners and guests.

First, the Vice-Senior General pressed the button to open the ceremony.

A video clip on documentaries of the 78th Anniversary of Myanmar Fire Brigade Day was presented.

In his speech, the Vice-Senior General said today is the 78th Anniversary of Myanmar Fire Brigade Day marking the fire brigade in serving people with in all townships across the nation.

On Sunday, 5 May 1946, the first voluntary firefighter conference of all fire brigades across Myanmar was held at the girls' school in Kandawgale of Yangon with an address by General Aung San. As such, 5 May when the conference was held has been marked as Myanmar Fire Brigade Day till today for 78 years.



Vice-Senior General Soe Win presents an honorary trophy to the Fire Brigade.



Vice-Senior General Soe Win presents an honorary prize to the Fire Brigade.

In accord with the instruction of the Ministry of Home Affairs, the Fire Brigade is implementing four objectives: fire prevention, natural disaster prevention, search and rescue and public welfare measures. In so doing, it is necessary to strategically perform management, implementation and review of relevant work processes.

As Myanmar faces outbreaks of fire yearly, outbreaks of fire occurred 18,000 time within a decade from 2014 to 2023, losing K187 billion of property. So, the country faces some 1,800 times of fire outbreaks yearly with more than K18 billion of loss on a yearly basis.

As the increasing number of population and development of industrial technologies amid climate change across the world, number of outbreaks of fire is on the rise. So, it is necessary to raise public awareness for prevention of fire in order to reduce loss and damage in outbreak of fire annually.

Moreover, it is necessary to disseminate knowledge about fire prevention to the people not only in urban but in rural areas through radio and television, newspapers and magazines as well as pamphlets.

The Fire Brigade has to continue its functions of effective public service knowledge sharing process by conducting live broadcasting of fire outbreaks and search and rescue activities of the brigade and update news on the website of the Department of Fire Services. On the other hand, people have to cooperate with the fire brigade to prevent danger of fire without negligence.



Vice-Senior General Soe Win presents a cash award to the Fire Brigade.

prevention of fire and safeguarding life and property of the people in successive eras in its prestigious traditions.

In looking back the history of Myanmar, King Anawrahta who established Bagan dynasty formed fire brigades in 1044 AD. From Bagan to Konbaung eras, fire squads were systematically formed to serve firefighting services for the State. So, it can be taken proud in some 1,000 years term of Myanmar Fire Brigade history.

In the colonial era, British colonialists formed the municipal fire brigades for serving their interests. So, patriotic youths formed the amateur fire brigades to protect their regions against danger of fire with national spirit. Starting from late 1900, voluntary fire brigades

*See Page 13*



Vice-Senior General Soe Win delivers a speech at the 78th Myanmar Fire Brigade Day celebration.

*From Page 12*

Firefighting is inherently perilous, demanding both the readiness to risk life and limb. To mitigate these dangers, firefighters must hone their skills through rigorous training. Proficiency is born from practice, trust from proficiency, bravery from trust, and victory from bravery. Thus, continuous study, practice, and adherence are imperative.

The valor and selflessness displayed by firefighters in the line of duty, spanning generations, command admiration and pride. Their sacrifices in firefighting and search-and-rescue missions serve the nation and its people. The state rightfully honors those who have laid down their lives, acknowledging their exceptional courage and performance.

Since 1952, a total of 358 honorary medals have been awarded to individuals for their outstanding ability and performance. Even those who didn't receive formal recognition for their abilities and contributions, the dedicated, steadfast, and exceptional firefighters deserve commendation for their unwavering commitment and numerous sacrifices for the nation and its people.

For a fire brigade to uphold morale, discipline, and public trust, every member must diligently fulfill their duties with perseverance. As public servants, firefighters must remain apolitical, prioritizing national interests above all else. Every aspect of their operations is geared towards public welfare, making it a matter of national concern. Understanding that the people's issues are the nation's concerns, and indeed, the state's, is essential for every firefighter.

Amid our efforts to fortify a robust, disciplined multi-party democratic system and foster a union grounded in democracy and federalism, it falls upon the fire brigade to shoulder responsibility within their respective domains. Their pivotal role is crucial for the successful realization of the five-point roadmap and the nine objectives outlined by the State Administration Council.



Vice-Senior General Soe Win views firefighting equipment on display.



Vice-Senior General Soe Win views firefighting equipment on display.



Performers entertain the guests.

The global landscape is witnessing a surge in natural disasters annually due to climate change. Myanmar, given its climate and geographical disposition, is susceptible to a spectrum of calamities including fires, floods, storms, earthquakes, and hazards of chemical, biological, and radioactive nature.

For instance, the devastating Cyclone "Mocha" that struck on May 14, 2023, serves as a poignant example. Under the Tatmadaw's leadership, timely evacuation efforts and proactive measures, spearheaded by military personnel, police, government officials, and charitable organizations, averted widespread destruction. Consequently, the resultant loss and damage were minimized.

Following the cyclone's aftermath, under the direction of the National Disaster Management Committee, the fire brigade, alongside specialized search and rescue units and 549 personnel from Nay Pyi Taw, Bago, Magway, Mandalay, Mon, Yangon, Shan, and Ayeyawady, engaged in relief and rehabilitation operations. Leveraging their expertise, equipment, and collective strength, the fire brigade acted swiftly and efficiently to address the situation.

To effectively confront the challenges posed by emerging disasters and collaborate seamlessly with international counterparts, the Myanmar Fire Brigade must undergo comprehensive reforms, focusing not only on structural enhancements but also on fundamental improvements. Achieving equilibrium in terms of manpower, equipment, and technological capabilities is imperative for its future preparedness.

Highlighting international accomplishments, in November 2023, Myanmar was among the 16 teams from 13 nations participating in the Singapore Civil Defense Force-SCDF Ready Week 2023. Myanmar's commendable performance, securing third place in the braveheart (individual) contest, amidst 26 international firefighters, brought pride to the nation. This achievement stands as a significant milestone for the Myanmar Fire Brigade, underscoring the need to uphold and further cultivate such esteemed traditions.

While members of the Fire Brigade are required to exert efforts to be competent in firefighting and search and rescue technologies to keep up with the times, it is necessary to make preparation for new challenges posed by natural disasters and to practice advanced search and rescue technologies by forming urban search and rescue teams in respective regions and states.

Members of the Fire Brigade are urged to implement four missions of the brigade successfully by preserving the fine traditions of the Fire Brigade, to enhance the image of the brigade by participating in reduction of fire outbreaks and natural disasters and national development tasks by upholding Our Three Main National Causes, to exert efforts by studying changing modern fire fighting technologies in the international community and practicing them without losing sight of modern technologies, ***See Page 14***



A Fire Brigade member receives a certificate of honour.

*From Page 13*

to make efforts out of goodwill effectively to serve the interests of the people by carrying out fire safety and rescue measures and to continue to preserve the prestige of the Fire Brigade, member of which has protected the lives and property of the people for many years by sacrificing their lives in successive eras.

Then, the Vice-Senior General presented honorary cash rewards and shields to U Tun Shwe, who sang a classic song titled "Beware of Fire," Deputy Battalion Commander of Auxiliary Fire Brigade Battalion in Dagon Myothit (South) Township in Yangon Region U Chit Hlaing, who is volunteering in the battalion for firefighting operations at the age of more than 90 years, Defence Services Personnel (Retd) member of the Fire Brigade (Retd) Sergeant (Retd) U Tun Kyi and an official who is responsible for three longest volunteering auxiliary fire brigade stations.

Afterward, the Vice-Senior General accepted the commemorative gift for the 78th Myanmar Fire Brigade Day presented by Member of the SAC Union Minister for Home Affairs Lt-Gen Yar Pyae.

Then, the union minister presented honorary prizes and cash rewards to a member of the Fire Brigade, who third prize in the individual capabilities category in the Singapore Global Firefighters & Paramedics Challenge Braveheart, two members who won excellent trainee awards in Civil Service Academies (Upper Myanmar and Lower Myanmar), a member of the Fire Brigade, who won a performance medal, and Assistant Staff Officer of the Fire Brigade (Retd) U Myo Min, who served in the Myanmar Fire Brigade for 37 years and won Outstanding Performance Awards in Social Affairs (First, Second and Third Grades) for donating blood 125 times.

Afterward, the Vice-Senior General posed for documentary photographs together with attendees and inspected the modern firefighting and search & rescue equipment displayed in the hall and fire trucks used in successive eras displayed in front of the hall.

In the evening, the Vice-Senior General attended the honorary dinner commemorating the 78th Myanmar Fire Brigade Day together with members of the SAC, union ministers, officials and guests.

First, members of the Fire Brigade entertained the guests with a song titled "The Noble Spirit of Firefighters."

Then, the Vice-Senior General and the union minister for Home Affairs cut the cake commemorating the 78th Myanmar Fire Brigade Day. During the dinner, Pyitaw Aye Nyein Myanmar Saing Orchestra and a modern music band of the Myanmar Fire Brigade entertained the guests with music and dances together with members of the Fire Brigade and artists.

After the dinner, the Vice-Senior General presented an honorary flower basket and cash rewards for members of the Fire Brigade and artists who performed music and dances during the dinner.

In commemoration of the 78th Myanmar Fire Brigade Day, which falls on 5 May, 2024, MMK 5 million cash rewards would be presented by union ministers and the chairman of the Nay Pyi Taw Council, 20 sets of MRTV DTH satellite dishes by the union minister for Information and 100 sets of Solar Watt (50) generators by the union minister for Border Affairs.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 9,000 acres of onion and garlic harvested in YeU District


Photo shows piles of harvested onions in a field.

**YeU May 5**

According to the statistics of the YeU District Agriculture Department, a total of 2,795 acres of onion and garlic plantations have been harvested in YeU District of Sagaing Region.

These plantations were cultivated in winter of 2023-24 financial year. So far, all plantations have been harvested.

"Our department helps local farmers get good prices in the market for sale of onion and garlic," said U Zaw Tun Myint, Head of District Agriculture Department.

In the district, YeU Township yielded 4,501 viss per acre in 1,715 acres of onion and 2,942 viss per acre in 943 acres of garlic. Taze Township produced 4,233 viss per acre in 81 acres of onion and 2,765 viss per acre in 20 acres of garlid. In Dabayin Township, onion yielded 4,235 viss per acre in 36 acres of cropland.

In 2023-24 winter crop cultivation, YeU District earmarked 2,520 acres of onion and 1,195 acres of garlic but local farmers planted 1,832 acres of onion and 963 acres of garlic, totalling 2,795 acres.

Agricultural staff help local farmers how to create market linkages, keep onion and garlic for preservation, use GAP system and produce quality crops.

Local farmers need to cost K1.8 million per acre of onion and K1.5 million per acre of garlic.

206

# Labutta Township sends 85,000 viss of prawn to Yangon market in April

**Labutta May 5**

Local fishery entrepreneurs sent 85,000 viss of prawn to Yangon market in April, said Daw Khin Khin, marine product trader from Labutta Township.

Local fishery traders purchase prawns from fish farmers at the purchase centres and sort them to be sent to Yangon market. In March, they sent 70,000 viss of prawns in all species to Yangon, compared with 85,000 viss in May.

"As we distribute prawns to Yangon market, local fishermen and those in the fishery sector have good opportunities of earning incomes. These fishery products are transported to Yangon by truck. Traders do not have any difficulties in transport of fishery products along the route," she explained.

Depending on sizes of prawns, merchants and local fisher farmers fetch prices ranging from K16,500 to 32,000 per viss.

Kyaw Kyaw Lin


Prawns in baskets seen before being transported to Yangon.

# Plans to conduct artificial insemination for producing pedigree cows in 2023-24 FY

**Mandalay May 5**

Mandalay Region Livestock Breeding and Veterinary Department has exceeded the target of conducting artificial insemination of cows to produce pedigree cows in 11 districts of Mandalay Region in 2023-24 financial year, said Dr Khin Zaw, Head of the regional department.

Artificial insemination can prevent infectious diseases at animals. So, the department set a plan to conduct artificial insemination at 19,573 cows in 11 districts of the region. Last financial year, the department performed artificial insemination at more than 28,200 cows, exceeding the target.

"Veterinarians from the department made field trips to the grassroots level in the financial year. The process can contribute to production of pedigree cows," he explained.

The department issued necessary accessories for conducting the artificial insemination for producing pedigree cows in the region.

185





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မီးသတ်တပ်ဖွဲ့ဝင်များ၏ သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

Live ထုတ်လွှင့်ပြသခြင်း၊ Update သတင်းများ တင်ပြထုတ်လွှင့်ပေးခြင်းများသည်လည်း ထိရောက်သည့် အသိပညာပေး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊တစ်ဖက်ကလည်း ပြည်သူများအနေဖြင့်လည်း မီးဘေးအန္တရာယ်ကင်းဝေးအောင်အသိ၊ သတိနှင့် မပေါ့မဆကြဘဲ ကြိုတင်ကာကွယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**မီးသတ်လုပ်ငန်းသည် အန္တရာယ်များသည့်အတွက် စွန့်လွှတ်မှုများ၊စွန့်စားမှုများနှင့် အသက်နှင့်ခန္ဓာကို ပေးဆပ်ပြီး လုပ်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ပေးဆပ်မှုအနည်းဆုံးဖြစ်ရန် မိမိအလုပ်ကို ကျွမ်းကျင်မှုရှိရန်လိုပြီး ကျွမ်းကျင်အောင်လည်း အကြိမ်ကြိမ်လေ့ကျင့်နေရန် လိုအပ်**ကြောင်း၊ လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှအောင်ပွဲဆင်နိုင်မည်ဖြစ်၍ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့် လေ့ကျင့်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်လိုကြောင်း။

ခေတ်အဆက်ဆက်တွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားမှုများနှင့် အကျိုးပြုနေခြင်းသည် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ထိုကဲ့သို့ စွန့်လွှတ်စွန့်စားပြီး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံတော်က စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ထူး ဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း။

ထိုသို့ချီးမြှင့်ပေးခဲ့ရာတွင် ၁၉၅၂ ခုနှစ်မှ ယနေ့အထိ စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်စုစုပေါင်း ၃၅၈ ဦးကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များမရရှိခဲ့သော်လည်း ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် စွန့်လွှတ်မှုပေါင်းများစွာဖြင့် ဆောင်ရွက်ခဲ့ကြသည့် သန္နေ၊ အရန်နှင့်သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း တန်ဖိုးထားချီးကျူးဂုဏ်ပြုပါကြောင်း။

စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုတို့နှင့်တည်ဆောက်ထားသည့်မီးသတ်တပ်ဖွဲ့သည် ပြည်သူကိုအလုပ်အကျွေးပြုနိုင်ပြီး ပြည်သူလူထုက ချစ်ခင်လေးစားအားကိုးယုံကြည်ရသည့် တပ်ဖွဲ့တစ်ခုထာဝရဖြစ်နေစေရေးအတွက် တပ်ဖွဲ့ဝင်တိုင်းက မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အမှတ်တရကိတ်ကို ခွဲကြစဉ်။

ဝီရိယနှင့် ပြည်သူကို အလုပ်အကျွေးပြုနေရန် အထူးလိုအပ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး အမျိုးသားနိုင်ငံရေးကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များလုပ်ဆောင်နေသည့်လုပ်ငန်းစဉ်များအားလုံးသည် ပြည်သူ့အကျိုးပြည်သူ့အရေးကိစ္စပင်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုး၊ ပြည်သူ့အရေးကိစ္စသည် တစ်မျိုးသားလုံး၏ အရေးကိစ္စဖြစ်ပြီး နိုင်ငံတော်၏အရေးကိစ္စပင်ဖြစ်သည်ကို နားလည်သဘောပေါက်ကြရန် လိုအပ်သည်ကို မှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်နေသည့် ယခုလိုအချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို အပြည့်အဝအောင်မြင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဦးလည်မသုန် အလေးအနက်ထားပြီး တာဝန်သိသိ၊ သစ္စာရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ကြုံတွေ့ရလျက်ရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ပထဝီဝင်အနေအထားအရ ဒေသအလိုက် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး အစရှိသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နိုင်တဲ့အပြင် အခြားသော မာတ၊ ဇီဝ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၏အန္တရာယ်များလည်း ဖြစ်ပွားလာနိုင်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

သာဓကအနေဖြင့် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"၏ အဖျက်စွမ်းအားကြီးမားမှုကို အားလုံးအသိပင်ဖြစ်ကြောင်း၊ "မိုခါ" မုန်တိုင်းကြောင့် ပြိုကျပျက်စီးနိုင်သည့် နေရာဒေသများက ပြည်သူများကို တပ်မတော်၏ ဦးဆောင်မှုနှင့်အတူ ဘေးလွတ်ရာကို အချိန်မီရွှေ့ပြောင်းပေးခြင်းနှင့် ကြိုတင်ကာကွယ်မှုများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်အတူ ဆောလျင်ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ထိခိုက်ပျက်စီးမှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မုန်တိုင်းတိုက်ခတ်အပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်အရ မီးသတ်တပ်ဖွဲ့အနေဖြင့် အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့်အတူ နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်းနှင့် ဧရာဝတီတို့က ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အင်အား စုစုပေါင်း ၅၄၉ ဦး အမြန်ဆုံးစေလွှတ်ပြီး ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှု၊ စက်ပစ္စည်းကိရိယာများ၏ စွမ်းအားများနှင့် အချိုးကျပေါင်းစပ်ပြီး ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ဒေသခံပြည်သူများ၏ အားကိုး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီဆိုကပြဖျော်ဖြေခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

ယုံကြည်မှုကိုရရှိစေခဲ့သည့် ဂုဏ်ယူဖွယ်ရာလုပ်ဆောင်ချက်များဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

**ဖြစ်ပေါ်ပြောင်းလဲလာသည့် ဘေးအန္တရာယ်များ၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်၊နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်၊အနာဂတ်ကာလကို မျှော်မှန်းပြီး အသွင်သဏ္ဌာန်သာမက အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို Men Power, Equipment Power, Technological Power များနှင့်ဟန်ချက်ညီအောင် တည်ဆောက်ကြရမည်ဖြစ်**ကြောင်း။ **စာမျက်နှာ ၁၉ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဟိုပုံးမြို့ ပန်လျန်းဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ဝတ္ထုနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်း၊ မီးဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်သည် ယနေ့နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စငေါအုပ်စု ပန်လျန်းကျေးရွာရှိ ပန်လျန်းဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ တာဝန်ရှိသူများသည် စငေါကျေးရွာအုပ်စု ပန်လျန်းဘုန်းတော်ကြီးကျောင်းဆရာတော် ဦးစန္ဒေဘာသနှင့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် ပန်လျန်းဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ဖက်ရမ်းကျေးရွာအုပ်စု ပုံးအယ်ကျေးရွာဘုန်းတော်ကြီးကျောင်း ပြန်လည်ဆောက်လုပ်နိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ကျောင်းထိုင်ဆရာတော်များထံသို့ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် ပန်လျန်းကျေးရွာနှင့် နမ့်ဟူးကျေးရွာရှိ မီးဘေးသင့်ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး နေအိမ်ပြန်လည်တည်ဆောက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံရာ ဆီဆိုင်မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တင်ပြဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**နေပြည်တော် မေ ၅**

ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများကို မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပြည်ခရိုင် ပြည်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၉ ခုမှ ပြည်သူ ၃၀၄ ဦး၊ ပေါက်ခေါင်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၈ ခုမှ ပြည်သူ ၃၇၂ ဦး စုစုပေါင်း ၆၇၆ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးခြင်းကို လေ့လာကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များ ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

နိုင်ငံတကာအဆင့် အောင်မြင်မှုများကို ဆန်းစစ်ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း စင်ကာပူနိုင်ငံ စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့၏ Singapore Civil Defence Force-SCDF Ready Week 2023 တွင် ကျင်းပခဲ့သည့် နိုင်ငံတကာမီးသတ်စွမ်းရည်ပြိုင်ပွဲ၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အဖွဲ့လိုက်အသက်ကယ်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုနှင့် နိုင်ငံတကာမှ မီးသတ်သမား ၂၆ ဦး ပါဝင်ယှဉ်ပြိုင်သည့် တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ Braveheart (Individual) တွင် တတိယဆုများ ဆွတ်ခူးခဲ့ကြောင်းကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ ထိုသို့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းသည် မီးသတ်တပ်ဖွဲ့အတွက် သမိုင်းမှတ်တမ်းသစ်တစ်ခု ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရန်မှာကြားလိုကြောင်း။

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ခေတ်စနစ်နှင့်အညီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ကြိုးပမ်းလေ့လာဆောင်ရွက်ထားကြရန် လိုအပ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းပညာပိုင်းများနှင့် ဆောင်ရွက်နိုင်ရန် မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Urban Search and Rescue Team) များကို ဒေသအလိုက်စုဖွဲ့လေ့ကျင့်ပြီး အသင့်ဆောင်ရွက်ထားရန်လည်းမှာကြားလိုကြောင်း။

မီးသတ်တပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ရည်မှန်းချက်တာဝန်လေးရပ်ကို အောင်မြင်အောင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ ဒီတာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကို မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကာ မီးသတ်တပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန်၊ နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် မီးသတ်လုပ်ငန်းနည်းပညာများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးပြီး လေ့ကျင့်မှုဖြင့် အရည်အချင်းပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မိမိတို့နိုင်ငံသားများကို မီးဘေးလုံခြုံရေးလုပ်ငန်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလုပ်အကျွေးပြုရာတွင် စိတ်ကောင်းစေတနာအပြည့်ဖြင့် ထိထိရောက်ရောက်လိုအပ်ချက်မရှိအောင် စွမ်းဆောင်ကြရန်နှင့် အထူးသဖြင့် မီးသတ်သမားများသည် ဘေးအန္တရာယ်များနှင့်ရင်ဆိုင်ကြုံတွေ့နေသူတိုင်းကို မိမိတို့အသက်နှင့်ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင် ဆောင်ရွက်ရခြင်းကြောင့် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားသွားကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ဂုဏ်ဒြပ်ကို လေးစားဂုဏ်ယူပြီး နောင်နှစ်ပေါင်းများစွာ မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ချမ်းသာကို စောင့်ရှောက်ကာကွယ်နိုင်သည့် တပ်ဖွဲ့ကြီးအဖြစ် အဓွန့်ရှည်အောင် ကြိုးစားတည်ဆောက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က "မီးသတ်ပြူ" ဂန္ထဝင်တေးသီချင်းသီဆိုသူ နိုင်ငံကျော်တေးသံရှင် ဦးထွန်းရွှေ၊ အသက် ၉၀ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်လျက်ရှိသော မီးသတ်လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးချစ်လှိုင်နှင့် စစ်မှုထမ်း(အငြိမ်းစား) မီးသတ်ဝန်ထမ်း(အငြိမ်းစား) တပ်ကြပ်ကြီး ဦးထွန်းကြည်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံအတွင်း မီးဘေးလုံခြုံရေးလုပ်ငန်းများကို သက်တမ်းအကြာဆုံး စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့သည့် အရန်မီးသတ်စခန်းသုံးခုတို့မှ တာဝန်ရှိသူတို့ကိုလည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Singapore Global Firefighters & Paramedics Challenge Braveheart တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော တပ်ဖွဲ့ဝင် တစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)တို့တွင် စံပြဆုရရှိခဲ့သော သင်တန်းသူ နှစ်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဆုတံဆိပ်ရရှိသူ တစ်ဦးနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တွင် လုပ်သက် ၃၇ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သွေးလှူဒါန်းမှုအကြိမ်ရေ ၁၂၅ ကြိမ်ဖြင့် လူမှုထူးချွန် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ဆုတံဆိပ်များရရှိခဲ့သည့် လက်ထောက်မီးသတ်ဦးစီးမှူး(ငြိမ်း) ဦးမျိုးမင်းတို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခန်းမအတွင်းခင်းကျင်းပြသထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်မီးသတ်ယာဉ်များကို လိုက်လံကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ပြုလုပ်သည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုညစာစားပွဲသို့ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်အတူ တက်ရောက်သည်။

ဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များက "မွန်မြတ်စိတ်ထား မီးသတ်သမား" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အမှတ်တရကိတ်ကို ခွဲကြသည်။

ယင်းနောက် ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပြည်တော်အေးငြိမ်းမင်္ဂလာဆိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များက တေးသံသာများ၊ အကအလှများ၊ တေးသရုပ်ဖော်များဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် အဆိုပါဂုဏ်ပြုညစာစားပွဲတွင် ၂၀၂၄ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သော (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်းအစုံ ၂၀ နှင့် DVB T2 Set Top Box အစုံ ၁၀၀ ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Solar Watt (50) လျှပ်စစ်မီးစက် အစုံ ၁၀၀ ကိုလည်းကောင်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

# အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ အာရှနှင့် ပစိဖိတ်ဒေသခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ်ကွန်ဖရင့် ကျင်းပ

**နေပြည်တော် မေ ၅**

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)နှင့် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အာရှနှင့် ပစိဖိတ်ဒေသခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ်ကွန်ဖရင့် (2nd UN Tourism Conference on the Empowerment of Women in Tourism in Asia and the Pacific) ကို မေ ၂ ရက်မှ ၄ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ Nusa Dua Bali ရှိ Bali International Convention Center (BICC) ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါကွန်ဖရင့်ကို "အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအနာဂတ်အားဖော်ဆောင်ရာတွင် အမျိုးသမီးဦးဆောင်သူများ၏ စွမ်းဆောင်ရည်များ" ("Woman-Led Initiatives Shaping The Future of Inclusive and Sustainable Tourism") ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများ ဦးဆောင်နိုင်မည့် အခွင့်အလမ်းနှင့်အစီအစဉ်များကို ရှာဖွေဖော်ထုတ်သွားရန် ရည်ရွယ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီလေဆိပ်သို့ ရောက်ရှိကြပြီး အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂ ရက် နံနက်ပိုင်းတွင် Bali International Convention Center (BICC)၌ ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ်ကွန်ဖရင့်သို့ တက်ရောက်သည်။




အဆိုပါကွန်ဖရင့်၏ ပထမနေ့ဖွင့်ပွဲအခမ်းအနားတွင် ဘာလီ၏တာဝန်ခံမြို့တော်ဝန် Mr. Jrjen Mahendra Jaya၊ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာန ဒုတိယဝန်ကြီး H. E. Ms. Angela Tanoesoedibjo၊ မော်လဒိုက်နိုင်ငံ ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Ms. Mariyam Nasheetha Nasheed နှင့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အာရှနှင့်ပစိဖိတ်ဒေသတာဝန်ခံ ညွှန်ကြားရေးမှူး Mr. Harry Hwang တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အမျိုးသမီးဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အင်ဒိုနီးရှားနိုင်ငံမှ ခရီးသွားနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာန ဒုတိယဝန်ကြီး H. E. Ms. Angela Tanoesoedibjo၊ လာအိုနိုင်ငံမှ ယဉ်ကျေးမှုနှင့် ခရီးသွားဌာန ဒုတိယဝန်ကြီး H. E. Ms. Darany Phommavongsa၊ မော်လဒိုက်နိုင်ငံမှ ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Ms. Mariyam Nasheetha Nasheed နှင့် ဆာမိုအာနိုင်ငံမှ Smart Investments Ltd ညွှန်ကြားရေးမှူး Ms. Sonja Hunter တို့က ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသော အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ၊ အောင်မြင်တိုးတက်မှုများနှင့် ကြုံတွေ့ရသည့်အခက်အခဲများအပေါ် ဆွေးနွေးပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများက ဒေသတွင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများ၏ဆောင်ရွက်ချက်များ၊ တီမောလက်စတေနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် ခရီးသွားလုပ်ငန်းပြန်လည်ထူထောင်ရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများအကြောင်းကိုလည်းကောင်း၊ မကာအို ခရီးသွားဌာန၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော ခရီးသွားလုပ်ငန်း ဖော်ဆောင်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ သြစတြေးလျနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပညာရေးနှင့် လေ့ကျင့်သင်ကြားခြင်း၏ အမျိုးသမီးများ ခရီးသွားလုပ်ငန်းတွင် ပါဝင်မှုအပေါ် သက်ရောက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနက တည်ခင်းဧည့်ခံသည့် networking dinner သို့ တက်ရောက်သည်။

မေ ၃ ရက် ကွန်ဖရင့် ဒုတိယနေ့တွင် သြစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ရှိ ပုဂ္ဂလိကခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှပစိဖိတ်ဒေသတွင်းဌာန ညှိနှိုင်းရေးမှူးတို့က ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ ဘေးကင်းလုံခြုံစွာ ပါဝင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြပြီး ကွန်ဖရင့်ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှနှင့်ပစိဖိတ်ဒေသတာဝန်ခံ ညွှန်ကြားရေးမှူး Mr. Harry Hwang နှင့် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာနဝန်ကြီး H. E. Mr. Sandiaga Uno တို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကွန်ဖရင့်ဒုတိယနေ့ ညနေပိုင်းတွင် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် ဒီရေတောပျိုးပင်စိုက်ပျိုးခြင်းအစီအစဉ်သို့ တက်ရောက်ပြီး ဒီရေတောပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေ ၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ အူဘုဒေသရှိ ARMA ပြတိုက်နေရာသို့ သွားရောက်ကာ ဘာလီရိုးရာယဉ်ကျေးမှုအကသင်ကြားနေမှုများ၊ လက်မှုပန်းပုလက်ရာများ၊ ရှေးခေတ်ပန်းချီဆရာကြီးများ၏လက်ရာများနှင့် ရေဆေးဆီဆေးပန်းချီကားများ လက်တွေ့ရေးဆွဲဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှပြန်လည်ထွက်ခွာကြရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ





**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းထွန်းတင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သားကောင်းမီးသတ်အာဇာနည် မီးသတ်တပ်ဖွဲ့ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စံပြမီးသတ်စခန်းဆု၊ အပေါ့စားမီးသတ်စက်လေ့ကျင့်ခန်းပြိုင်ပွဲနှင့် လက်နက်မဲ့စစ်ရေးပြပြိုင်ပွဲများ၊ ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် သင်တန်းများတွင် ဆုရရှိသူများကို ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့က ဆောင်ရွက်ခဲ့သည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များကိုပြသသည့် Video Clip ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများ၊ မီးငြိမ်းသတ်လုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့်စက်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ပြသထားမှုကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။ **မိုးကျော်**

# မရမ်းကုန်းမြို့နယ်နှင့် ပုသိမ်မြို့တို့၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

**နေပြည်တော် မေ ၅**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် စစ်ရေးပြကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးတို့၌ ကျင်းပကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်များက (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားမိန့်ခွန်းများ အသီးသီးပြောကြားကြသည်။ ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုတံဆိပ်များ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး ပြခန်းများတွင် ခင်းကျင်းပြသထားသည့် မီးသတ်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ထူးချွန်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၇ တွဲရောင်းချနိုင်ခဲ့





**နေပြည်တော် မေ ၅**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ရောင်းချသည့်ပုလဲအတွဲအမှတ် ၂၀၁ မှ အတွဲအမှတ် ၄၀၀ ထိ ပုလဲအတွဲများနှင့် ပြပွဲဒုတိယနေ့မှ ရောင်းချရန် ကျန်ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲများအတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၉၇ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက်အတွဲ (၁)မှ (၁၆၀)ထိကိုအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ယနေ့နံနက်ပိုင်း၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများတင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ ရတနာကုန်သည်များက ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများ စိတ်ကြိုက်လေ့လာကြည့်ရှုနေမှုနှင့်ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်များ ရောင်းချနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ယခုကျင်းပပြုလုပ်သည့် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၃ ရက်မှ ၁၂ ရက်ထိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆီဆိုင်မြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများက ဆီဆိုင်-စံကားလမ်း(ဆီဆိုင်မြို့နှင့် ဝိန်းကောင်ရွာကြား)ရှိ တံတားအမှတ် ၅/၅ ဝိန်းကောင်သံကူကွန်ကရစ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မေ ၅**

ဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများခရီးသွားလာမှု လွယ်ကူမြန်ဆန်စေရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည့် လမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများက လမ်း၊ တံတားများကို လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများဖြင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားနည်းပါးစွာဖြင့် ကျူးလွန်ပြုလုပ်လျက်ရှိသည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများပြုလုပ်လျက်ရှိရာ ဧပြီ ၂၈ ရက်နေ့လယ် ၁ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဆီဆိုင်မြို့နယ် ဆီဆိုင်-စံကားလမ်း(ဆီဆိုင်မြို့နှင့် ဝိန်းကောင်ရွာကြား)ရှိ တံတားအမှတ် ၅/၅ ဝိန်းကောင် သံကူကွန်ကရစ်တံတားကို KNDFအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် ဆီဆိုင်ဘက်ခြမ်းတံတားအဝင်ကြမ်းခင်းနှင့် တံတားယက်မပျက်စီးခဲ့မှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်း သိရသည်။



**KNDFအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် ဝိန်းကောင် သံကူကွန်ကရစ်တံတားကို တွေ့ရစဉ်။**

ထိုသို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် သံကူကွန်ကရစ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်“ThetThet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နေ မြင့်မြတ်သူ(ခ)မြတ်သူအား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ “Than Zaw Lin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရော၀တီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စကော့ပေါ်ကျေးရွာနေ စသန်းဇော်လင်း(ခ)သန်းအား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ပဲ နဲ့ ဘဲ

(ယမန်နေ့မှအဆက်)

**"သူပဲ၊ ငါပဲ၊ မင်းပဲ၊ ကိုယ်ပဲ"** ဆိုတာမျိုးတွေမှာလည်း စင်စစ်သူပင်ဖြစ်တယ်၊ သူအမှန်တကယ်ဖြစ်တယ်၊ စင်စစ် ငါပင်ဖြစ်တယ်၊ ငါ အမှန်တကယ်ဖြစ်တယ်ဆိုတဲ့ သဘောပါပဲ၊ **"အိမ်ပဲ၊ ကျောင်းပဲ၊ အဖေပဲ၊ အမေပဲ"** စတဲ့ သာဓကတွေကိုလည်း ဒီလိုပဲ အဓိပ္ပာယ်ပြန်ဆို၊ ဒီလိုပဲ သိရမှာပါ။

"ပဲ" ကို ကြိယာ စကာတွေနဲ့တွဲပြီး သုံးပုံလေးတွေကိုလည်း ကြည့်လိုက်ကြဦးစို့။ "စားရုံပဲ စားတယ်၊ ဖတ်ရုံပဲ ဖတ်တယ်၊ စားပဲ စားနိုင်လွန်းတယ်၊ တတ်ပဲ တတ်နိုင်တယ်၊ သိသားပဲ၊ ဟုတ်သားပဲ၊ အမှန်ပါပဲ၊ တကယ်ပဲ၊ တစ်နေ့ကုန်ပဲ၊ ဒီလောက်ပဲ၊ မေးဖော်ရတာကိုပဲ ကျေနပ်လှပါပြီ" ဆိုတဲ့ အသုံးမျိုးတွေပါ။ အခုဖော်ပြထားတဲ့ "စားရုံပဲ စားတယ်၊ ဖတ်ရုံပဲ ဖတ်တယ်" ဆိုတဲ့ အသုံးမျိုးတွေပါ။ အခုဖော်ပြထားတဲ့ "စားရုံပဲ စားတယ်၊ ဖတ်ရုံပဲဖတ်တယ်" ဆိုတဲ့ သာဓကတွေမှာ "ပဲ" ဟာ "စား၊ ဖတ်" ဆိုတဲ့ ကြိယာတွေရဲ့ အနက်ကို ကန့်သတ်တဲ့သဘောပါ။ ကျန်သာဓကတွေမှာပါတဲ့ "ပဲ" တွေဟာလည်း ဆိုင်ရာကြိယာတွေရဲ့အနက်ကိုကန့်သတ်တဲ့သဘော၊ လေးနက်စေတဲ့သဘောနဲ့ အထူးပြုတာကို တွေ့နိုင်ပါတယ်။

ကောင်းပြီ။ "ပဲ" အသုံးကို ဒီလောက်နဲ့ ခဏထားပြီး "ဘဲ" အသုံးကို ဆက်ကြည့်ကြမယ်။ "ဘဲ" ကို ကြိယာအနက်ကို တားမြစ်လိုတဲ့အခါမှာ သုံးတယ်ဆိုတော့ တားမြစ်တဲ့သဘော ရှိတဲ့ပစ္စည်း "မ" နဲ့ တွဲသုံးတယ်လို့မှတ်ရင် မလွယ်ပေဘူးလား။ ("မ" ကို မြန်မာသဒ္ဒါမှာ အငြင်းပြပစ္စည်းလို့ခေါ်တာ ညီလေး သိပြီးဖြစ်မှာပါ။) အဲဒီတော့ ကြိယာ သို့မဟုတ် နာမဝိသေသနရဲ့ ရှေ့မှာ "မ" ကိုထား၊ ကြိယာ သို့မဟုတ် နာမဝိသေသနရဲ့ နောက်မှာတော့ "ဘဲ" ကိုထားပြီး သုံးရမယ်လို့ မှတ်လိုက်တာပဲပေါ့။ သာဓကအနေနဲ့ပြောရရင် **"မစားဘဲ၊ မသောက်ဘဲ၊ မသွားဘဲ၊ မလာဘဲ၊ မသိဘဲ၊ မမှတ်ဘဲ"** ဆိုတာတွေလို ကြိယာနဲ့ တွဲသုံးတဲ့အခါမျိုးတွေမှာလည်း "မ... ဘဲ" ကို သုံးတယ်။ **"မကောင်းဘဲ၊ မလှဘဲ၊ မချိုဘဲ၊ မခါးဘဲ၊ မအေးဘဲ၊ မပူဘဲ၊ မဖြူဘဲ၊ မညိုဘဲ"** ဆိုတာတွေလို နာမဝိသေသနတွေနဲ့ တွဲပြီး သုံးတဲ့အခါမျိုးတွေမှာလည်း "မ...... ဘဲ" ကို သုံးတယ်လို့ မှတ်လိုက်ရင် လွယ်မယ်ထင်ပါတယ်။

ညီလေး "ပဲ" နဲ့ "ဘဲ" ကို "ဘယ်နေရာမှာ ဘယ်လို" သုံးရမယ်ဆိုတာ သိလောက်ပြီထင်ပါရဲ့နော်။ အခုဆက်ပြီး "ပဲ" နဲ့ "ဘဲ" ကို "ဘာကြောင့်" ခွဲသုံးရတယ်ဆိုတာ ကြည့်ကြရအောင်လား။

တကယ်တော့ "ပဲ" ဟာ "ပင်" နဲ့ အနက်အတူတူပါပဲ။ "ပင်" ဟာလည်း ကြိယာနဲ့ နာမ်ရဲ့အနက်ကို လေးနက်အောင် ထောက်ပံ့တဲ့ စကားလုံးပါ။ ရှေးကတော့ အထူးသဖြင့် ပျို့၊ ကဗျာ၊ လင်္ကာတွေမှာ "ပက်" လို့လည်း ရေးကြသုံးကြပါတယ်။ ညီလေး မှတ်ထားဖို့ကတော့ "ပင်၊ ပက်၊ ပဲ" တို့ဟာ အနက်တူတယ်ဆိုတဲ့ အချက်ပါပဲ။ မူလအနက်ကတော့ **"ပေါင်းစည်း၊ ဆက်စပ်"** အနက် ဖြစ်ပါတယ်။ **"စင်စစ်"** လို့ အနက်ပြန်ရင်လည်း ရကောင်းပါတယ်။ **"တကယ်၊ ချည်း၊ သာ၊ သာလျှင်"** တို့နဲ့လည်း ဖလှယ်ကြည့်နိုင်ပါတယ်။

ဒါကြောင့် **"လူပဲ၊ နတ်ပဲ၊ အဖေပဲ၊ အမေပဲ"** လို့ဆိုရင် **"လူပင်၊ နတ်ပင်၊ အဖေပင်၊ အမေပင်"** လို့လည်း ပြောလို့ရပါတယ်။ **"လူစင်စစ်(ဖြစ်တယ်)၊ နတ်စင်စစ်(ဖြစ်တယ်)၊ အဖေစင်စစ်(ဖြစ်တယ်)၊ အမေစင်စစ်(ဖြစ်တယ်)"** လို့လည်း အနက်ဖွင့်နိုင်ပါတယ်။ တကယ့်ကို လူဖြစ်တယ်။ တကယ့်ကို နတ်ဖြစ်တယ် စသည်ဖြင့်လည်း အနက်ပြန်ကြည့်နိုင်ပါတယ်။ စားရုံပဲ စားတယ်ဆိုရင် စားရုံသာစားတယ်၊ စားခြင်းကိုသာလျှင် ပြုတယ် စသည်ဖြင့် ပြောနိုင်ပါတယ်။ အိပ်ပဲနေတယ်ဆိုရင် အိပ်ချည်းနေတယ်ပေါ့။ အဲဒီတော့ "ပဲ" နဲ့ ရေးရမှာလား။ "ဘဲ" နဲ့ ရေးရမှာလား မသေမချာ ဇဝေဇဝါဖြစ်နေရင် "ပင်" နဲ့ ဖလှယ်ကြည့်။

တကယ်၊ ချည်း၊ သာ၊ သာလျှင်၊ စင်စစ်တို့နဲ့ ဖလှယ်ကြည့်၊ ချိန်ထိုးကြည့်နိုင်တယ်လေ။

"ဘဲ" နဲ့ပတ်သက်လို့ အနက်သိချင်ရင်တော့ "ဖဲ" မှာ ရှာရမှာနော်။ "ဖဲ" မှာမှ အနက်ရှိတယ်။ "ဖဲ" ရဲ့အနက်က "ဖဲကြဉ်"၊ "ဖဲခွာ" တဲ့ သဘောပါပဲ။ ရှောင်ကြဉ်၊ တားမြစ်၊ ငြင်းပယ်တဲ့ သဘောရှိပါတယ်။ ဒါကြောင့် **"မသွားဘဲ၊ မလာဘဲ၊ မစားဘဲ၊ မသောက်ဘဲ"** လို့ပြောရင် **"မသွားမူ၍၊ သွားခြင်းကို ဖဲကြဉ်၍၊ မလာမူ၍၊ လာခြင်းကို ဖဲကြဉ်၍၊ မစားမူ၍၊ စားခြင်းကို ဖဲကြဉ်၍၊ မသောက်မူ၍၊ သောက်ခြင်းကို ဖဲကြဉ်၍"** ရယ်လို့ အနက်အဓိပ္ပာယ်ရှိသွားမှာပါ။ ညီလေးအနေနဲ့ ခပ်လွယ်လွယ်မှတ်ချင်ရင်တော့ ယေဘုယျအားဖြင့် **"မ-နဲ့ တွဲရင် ဘဲ ပါပဲ"**

ဒီနေရာမှာ ညီလေးကို ခြွင်းချက်အဖြစ် မှာထားချင်တာကတော့ "ပဲ" နဲ့ "ဘဲ" မှာ "ပဲ" ကျတော့ အနက်စွဲအရေးကို လက်ခံထားတယ်။ "ဘဲ" ကျတော့ အသံစွဲအရေးကို လက်ခံထားတယ်ဆိုတဲ့ အချက်ပါပဲ။

စာလည်းရှည်သွားပြီ။ နောက်စာကျမှ အဲဒီအနက်စွဲ၊ အသံစွဲကိစ္စတို့၊ ဖူးနဲ့ဘူး၊ ဖက်နဲ့ဘက် ကိစ္စတို့ကို ပြောကြစို့ရဲ့။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေကွယ်။

ကိုကြီး

ပင်နှင့် လှယ်က၊ အနက်ရ၊ မုချမလွဲ၊ ပစောက်ပဲ။
**တကယ်၊ ချည်း၊ သာ၊ သာလျှင် ပါ၊ နက်မှာမှတ်စွဲ၊ စင်စစ်ပဲ။**
မ နှင့်တွဲက၊ ယေဘုယျ၊ မှတ်ကြအမြဲ၊ ဘကုန်း ဘဲ။

ပဲ - ပင်၊ တကယ်၊ ချည်း၊ သာ၊
သာလျှင်၊ စင်စစ်။
ဘဲ - မ. . . ဘဲ။ (မစားဘဲ၊ မလှဘဲ စသည်)


## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။


# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့စျေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် စျေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB စျေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းစျေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်း စျေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် စျေးကွက်နှင့် စျေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၆ ရက်မှ ၁၂ ရက်ထိ ရန်ကုန်အထိုင်စျေး အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းစျေးကွက်အတွင်း စျေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ စျေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❑ ကျေးရွာချင်းဆက်လမ်းမှ

အဆိုပါလမ်းပြီးစီးမှုကြောင့် ဟိုပန်မြို့နယ်အတွင်းရှိ ပန်လုံမြို့နှင့် ကျေးရွာ ရှစ်ရွာမှဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုစီးပွားရေးကိစ္စရပ်များကိုများစွာ အထောက်အကူပြုလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၄၉၈၇ ဒသမ ၄၈၃ သန်းဖြင့် မြေလမ်း ၂၈ မိုင်၊ အမာခံလမ်း ငါးမိုင်၊ ကျောက်လမ်း ၁၃ မိုင် ၂ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၁ ဒသမ ၆ ဖာလုံ၊ ကွန်ကရစ်လမ်း ၆ ဒသမ ၇ ဖာလုံ၊ ကွန်ကရစ်တံတား တစ်စင်း၊ Box Culvert ၃၉ စင်း၊ ရေကျော် တစ်စင်း၊ ပညာရေး လုပ်ငန်း လေးခု၊ သာသနာရေးလုပ်ငန်း ငါးခု၊သောက်သုံးရေရရှိရေးလုပ်ငန်း တစ်ခုနှင့် ဦးစီးဌာနလုပ်ငန်း ငါးခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ☆ LIV Golf Singapore မှ

ပူးပေါင်းခဲ့ပြီးနောက်ပိုင်း စတုတ္ထမြောက်ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁)နေရာတွင် ကာလရှည်ရပ်တည်ခဲ့ဖူးပြီး LIV Golf အဖွဲ့ချုပ်သို့ စာချုပ်ကြေးအမြင့်ဆုံးရရှိခဲ့သည့် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းသည် LIV Golf အဖွဲ့ချုပ်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဆုဖလားတစ်လုံးမှမရသေးသည့် အခြေအနေဖြင့် ရင်ဆိုင်နေရသည်။

ကိုပ်ကာသည် PGA Tour တွင် ယှဉ်ပြိုင်ကစားခဲ့စဉ်ကလည်း အောင်မြင်မှုများစွာဆွတ်ခူးရရှိထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး LIV Golf တွင်လည်း အောင်မြင်မှုများ ဆက်တိုက်ရယူနေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၎င်းအနေဖြင့် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ဆက်လက်ရရှိလာပါက ယခုနှစ်အတွင်း အားကစားလောကတွင် ဆုကြေးငွေအများဆုံးရရှိသည့် ကစားသမားအဖြစ်ရပ်တည်နိုင်ပြီး ဝင်ငွေအကောင်းဆုံးအားကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်မည်ဖြစ်သည်။

ကိုပ်ကာက "ဒီနှစ်ထဲမှာ လေးကြိမ်မြောက်ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့လို့ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်ရဲ့ကယ်ဒီနဲ့ နည်းပြအဖွဲ့ဝင်တွေရဲ့ အကောင်းဆုံးပံ့ပိုးပေးမှုကြောင့် အခုလိုအောင်မြင်မှုတွေရယူနိုင်တာပါ။ကျွန်တော့်အနေနဲ့ PGA Tour မှာ ကစားခဲ့စဉ်ကလဲအဓိက ဆုဖလားတွေရယူနိုင်ခဲ့ပါတယ်။အခု LIV Golf မှာလဲ ပြိုင်ပွဲတွေ စတင်ကျင်းပပေးချိန်ကစလို့ ဆုဖလားတွေ နှစ်တိုင်းရယူနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ LIV Golf အဖွဲ့ချုပ်ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ ပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေ ဆက်တိုက်ရယူနိုင်အောင် ကြိုးစားသွားမှာပါ။ လေ့ကျင့်မှုအပိုင်းတွေမှာလဲ ဒီထက်ပိုပြီးအချိန်ပေးသွားပါမယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

AZL

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၆-၅-၂၀၂၄ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ |
| ၂။ | ၁၀း၄၆ | Master Chef |
| ၃။ | ၁၃း၃၀ | Live For You |
| ၄။ | ၁၅း၀၀ | Fighting Music |
| ၅။ | ၁၇း၀၀ | သွေးချင်းတို့ဌာနေ |
| ၆။ | ၁၉း၃၀ | International Song |

# ဘူးသီးတောင်မြို့ မြို့ပေါ်ရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ဘင်္ဂါလီလူမျိုးများက AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ဆန္ဒပြ

**နေပြည်တော် မေ ၅**

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည်ကို AA အကြမ်းဖက်သောင်းကျန်းသူများက မနာလိုမရှုစိတ်ဖြင့် စစ်ရေးပစ်မှတ်မဟုတ်သော မြို့ရွာများနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့မှုများကြောင့်အပြစ်မဲ့ဒေသခံပြည်သူအချို့သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှု ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။




ဘူးသီးတောင်မြို့ မြို့ပေါ်ရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ဘင်္ဂါလီလူမျိုးများက AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ဆန္ဒဖော်ထုတ်ကြစဉ်။

ထိုသို့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံဘဲ ဆန့်ကျင်ကန့်ကွက်မှုများဆောင်ရွက်လျက်ရှိရာ မေ ၄ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ မြို့ပေါ်ရပ်ကွက်များမှဒေသတည်ငြိမ်အေးချမ်းရေးနှင့်ငြိမ်းချမ်းရေးကိုလိုလားသော ဘင်္ဂါလီလူမျိုးအမျိုးသား၊အမျိုးသမီးစုစုပေါင်းဦးရေ ၂၀၀၀ ခန့်သည် အဆိုပါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနေရာသို့ စုဝေးရောက်ရှိလာပြီး ၎င်းနေရာမှ မေယုလမ်းမကြီးအတိုင်းနတ်ပင်ရင်းလမ်းဆုံ၊ ၎င်းမှ ဒေးစေတီလမ်းဆုံနှင့်ဘောလုံးကွင်းလမ်းအတိုင်း၊ ၎င်းနေရာမှ မူလစုရပ်နေရာသို့ ငြိမ်းချမ်းစွာလှည့်လည်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် "AA အလိုမရှိဘင်္ဂါလီလူမျိုးများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်သည့် AA အဖွဲ့ကို ICJ အရေးယူပေးပါ၊ AA အကြမ်းဖက်အဖွဲ့ ဘင်္ဂါလီလူမျိုးများကို လူသားဒိုင်းပြုလုပ်မှုချက်ချင်းရပ်၊AA အကြမ်းဖက်အဖွဲ့ ဘင်္ဂါလီကျေးရွာ၊ ရပ်ကွက်များကို လက်နက်ကြီးဖြင့် ပစ်ခတ်မှုချက်ချင်းရပ်၊ AA အကြမ်းဖက်အဖွဲ့ တိုက်ပွဲရှောင်နေရာများကို လက်နက်ကြီးဖြင့်ပစ်ခတ်မှုချက်ချင်းရပ်" စသည့်စာသားများပါ ဆိုင်းဘုတ်များကိုင်ဆောင်ကာ မြန်မာ၊ ဘင်္ဂါလီနှစ်ဘာသာဖြင့် ကြွေးကြော်၍ ငြိမ်းချမ်းစွာစီတန်းလှည့်လည်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မတ္တရာမြို့နယ် ချောင်းတော်ဝကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊သတင်းမှားများကို လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ချောင်းတော်ဝကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၄ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါမီးရှို့မှုကြောင့် နေအိမ်အလုံး ၂၀ ကျော်မီးလောင်ပြာကျခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thitက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ဖြစ်စဉ်အမှန်မှာ PDF အမည်ခံအကြမ်းဖက်သမားများကိုအားပေးထောက်ခံခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ၊မေ ၄ ရက်တွင် ချောင်းတော်ဝကျေးရွာအနီး ရောက်ရှိနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးရွာစာသင်ကျောင်းအတွင်းမှ အကာအကွယ်ယူ၍ အကြမ်းဖက်သမားများကစတင်ပစ်ခတ်ခဲ့ကြောင်း၊ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများက ကျေးရွာအတွင်းမှထွက်ပြေးသွားခဲ့ရာ ၎င်းတို့ထွက်ပြေးရာလမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် အဆိုပါစာသင်ကျောင်းအတွင်းမှ လက်လုပ်မိုင်းများနှင့်ဆက်စပ်ပစ္စည်းများကိုသိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် မြို့ရွာများတည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန်အတွက်ပြည်သူများနေထိုင်ရာ မြို့ရွာများကို ယခုကဲ့သို့ မီးရှို့ဖျက်ဆီးပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့ပစစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။


## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၀
(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂
(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃
(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၃၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈
(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉
(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၃၈၊ ၀၆၃- ၂၀၂၈၈၃၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀
(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁
(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၃၉၃၅၊ ၀၅၇- ၂၀၂၃၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂
(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃
(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄
(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅
(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



# သိစိတ်

**ပိုင်ဆု(ပညာရေး)**

(၁)

"ဟူး. . . မိုးကလဲဘယ်တော့မှတိတ်မလဲ မသိပါဘူးတော်"

အိမ်အပေါက်ဝတွင်ထိုင်ပြီး ရွာနေသောမိုးရေစက်များကိုကြည့်ကာ ညည်းတွားလိုက်သော ဇနီးဖြစ်သူ အေးသီတာ၏အသံကို ကြားလိုက်ရသည်။ မကြားချင်ယောင်ဆောင်လိုက်ပြီး ဖတ်လက်စစာအုပ်ကို ဆက်ဖတ်နေလိုက်သည်။ သားနှင့်သမီးကတော့ ကလေးပီပီ အပူအပင်ကင်းစွာ အိမ်ပေါ်တွင် ဆော့ကစားနေကြသည်။

"ကိုတင့် ကိုတင့်"

အိမ်အပေါက်ဝမှ သူထိုင်နေသော ပက်လက်ကုလားထိုင်နားသို့ ရောက်လာသောဇနီးဖြစ်သူကြောင့် စာအုပ်ကို ပိတ်လိုက်တော့သည်။

"ဘာတုံး မိန်းမရဲ့"

"မိုးတွေရွာနေတာ။ ရှင်ဒီအတိုင်းထိုင်ကြည့်နေတော့မှာလား"

"ဘာလဲ ငါက ထိုင်မကြည့်လို့ မိုးရေထွက်ချိုးရမှာလား"

"ရှင်ကလဲ စကားအကောင်းပြောနေတာကို။ မိုးက သုံးလေးရက်လောက် ဆက်တိုက်ရွာနေတာလေ"

ပြောတာလည်းဟုတ်သည်။ ရွာလိုက်တိတ်လိုက်ဖြင့် အဆက်မပြတ်ရွာနေသည်မှာ သည်နေ့နှင့်ဆိုလေးရက် လောက်ရှိပြီဖြစ်သည်။ မိန်းမဖြစ်သူ ဘာကိုဆိုလိုချင်တာလဲဆိုတာကိုလည်း သူကောင်းကောင်းသိသည်။ သူ့အလုပ်က ပန်းရန်လုပ်သားတစ်ဦး။ မိုးရွာသည့် ရက်များဆိုလျှင် အလုပ်ကမရှိ။ မိုးစဲသွားလျှင်လည်း သုံးလေးရက်ခန့်က အဆင်မပြေသေးပေ။ ပန်းရန်ခေါင်းဆောင် ကိုသိန်းလှကလည်း ရွာပြန်သွားသေးသည်။ တစ်နေ့လုပ်တစ်နေ့စားဘဝမို့ စုဆောင်းရန် အဆင်မပြေပေ။ မိန်းမက ရပ်ကွက်ထဲမှ အဝတ်များယူကာ လျှော်ဖွပ်မီးပူတိုက်လုပ်နေ၍သာ အိမ်၏စားအိုးလေးမပြတ်သေးသည့်အတွက် တော်သေးသည်ဟုဆိုရမည်။ သို့သော်လည်း ယခုလိုမိုးရွာနေသောကြောင့် သူ့အလုပ်သည်လည်း နားထားရပြန်သည်။

"ကိုတင့် ဒီမနက်နဲ့ညနေအတွက်တော့ ဆန်ရှိပါသေးတယ်။ မနက်ဖြန်အတွက်တော့"

"အေးပါ မိန်းမရယ်။ ငါကြိုးစားကြည့်ပါအုံးမယ်"

(၂)

တစ်နေကုန်စဉ်းစားသော်လည်း အကြံမပေါ်ပေ။ ညနေစာ ထမင်းဝိုင်းရှေ့ရောက်နေသည့်တိုင် သူ့အတွေးများက ရှာဖွေနေဆဲဖြစ်သည်။ ထမင်းစားပွဲပေါ်တွင် မြင်တွေ့ရသည်က ထပ်ယူ၍မရနိုင်အောင် အညီအမျှထည့်ထားသော ထမင်းပန်းကန်လေးချပ်၊ ဆီပါရုံမျှ ကြော်ထားသော ကန်စွန်းရွက်ကြော်တစ်ခွက်၊ ငါးပိရည်တစ်ခွက်နှင့်အတို့အမြှုပ်အဖြစ် ကြက်သွန်နီတို့ကို မြင်တွေ့လိုက်ရသည်။

"ဖေဖေ။ မနက်ဖြန်ကျ ကြက်သားဟင်းချက်မှာလားဟင်"

"ဘာတွေမေးနေတာလဲ မောင်လေးရဲ့။ ကန်စွန်းရွက်က အားရှိတယ်။ ဉာဏ်လဲ ကောင်းတယ်။ နောက်နေ့တွေကျ ကြက်သားတို့၊ ဝက်သားတို့ချက်မှာပေါ့"

ငါးနှစ်အရွယ် သားဖြစ်သူ၏စကားကို သိတတ်နေပြီဖြစ်သော ၁၀နှစ်အရွယ်သမီးကြီးက အဖြေပေးလိုက်ခြင်းဖြစ်သည်။ သူကတော့ဘာမှမပြောဘဲ ပြုံးရုံသာပြုံးလိုက်နိုင်သည်။ သို့သော် သူ၏ရင်ထဲတွင်တော့မကောင်းပေ။ အရာအားလုံးသည် အိမ်ထောင်ဦးစီးသူ့အပေါ်တွင် တာဝန်ရှိသည်။ ထမင်းစားရန်ပြင်ထားသော်လည်း မိန်းမဖြစ်သူကို မတွေ့ရသောကြောင့် သမီးဖြစ်သူကို မေးလိုက်တော့သည်။

"သမီး။ နင်တို့အမေရောမတွေ့ပါလား။ ထမင်းစားပါမယ်ဆိုမှ ဘယ်ရောက်နေတာတုံး"

"ဘယ်မှမရောက်ဘူး လာပြီ ကိုတင့်ရေ။ လာပြီ"

ထီးစုတ်ကြီးကိုပိတ်လိုက်ပြီး အိမ်ပေါ်သို့အထုပ်တစ်ထုပ်ဖြင့်တက်လာသော မိန်းမဖြစ်သူကို တွေ့လိုက်သည်။

"မိုးထဲရေထဲ ဘယ်ကိုသွားရတာတုံးဟ"

"ဘယ်မှမသွားပါဘူး ကိုတင့်ရယ်။ ကဲ ရှင်လဲ သိပ်စိတ်မပူတော့နဲ့။ မဝင်းဆီက ဆန်တစ်ပြည်နဲ့ ဆီနည်းနည်းချေးလာတယ်။ ကြက်ဥလေးလုံးပါ ချေးလာခဲ့သေးတယ်။ နောက်နှစ်ရက်လောက်တော့ စားလို့ရပါသေးတယ်။ မနက်ဖြန်ဆို မိုးတော့တိတ်လောက်ပါပြီ။ တိတ်ပေမဲ့ ရှင်လဲအလုပ်သွားလို့မှ မရသေးတာ ဟုတ်တယ်မလား။ ရှင်လဲ နားပါ။ မိုးတိတ်ရင် ကျွန်မလဲ အဝတ်တွေပြန်လျှော်ရမှာပါ"

ဘာပြန်ပြောရမယ်မှန်းမသိအောင်ပင် ဆွံ့အသွားခဲ့ရသည်။ သူ၏ရင်ထဲတွင်လည်း ဝမ်းနည်းခြင်းများက သက်ရောက်လာခဲ့သည်။ မည်သို့ပင်ဆိုစေ မောင်တစ်ထမ်းမယ်တစ်ရွက်စိတ်ရှိသော အေးသီတာလိုမျိုးမိန်းမရထားသည့်အတွက် သူကံကောင်းသည်ဟု ဆိုရပေမည်။ သမီးကြီးဦးချပေးသော ကန်စွန်းရွက်ကြော်ကို ထမင်းနှင့်နယ်လိုက်သည်။ ထို့နောက် ငါးပိရည်တစ်ဇွန်းကိုထည့်လိုက်သည်။ မဖွယ်ရာသော်လည်း တွယ်တာရသောမိသားစုနှင့်အတူ စားရသောထမင်းဝိုင်းလေးက သူ့အတွက်တော့ အစိမ့်ယှဉ်ပြည့်စုံခဲ့ရလေသည်။

(၃)

အရှင်းမတိတ်သေးသော်လည်း အနည်းငယ်ပါးသွားသော မိုးရေစက်များကြားတွင် ထီးအစုတ်တစ်ချောင်းကိုဆောင်းပြီး သူထွက်လာခဲ့သည်။ ထွက်သာထွက်လာခဲ့ရသည်။ ဘယ်ကိုသွားရမည်ဆိုသည့် ဦးတည်ချက်က သူ့တွင်မရှိသေး။ အလုပ်သမားခေါင်းဆောင် ကိုသိန်းလှကလည်းရွာတွင်ကိစ္စတစ်ခုကြောင့် နောက်ငါးရက်ခန့်ကြာမည်ဟု ကိုမျိုးနှင့်တွေ့စဉ်က သိခဲ့ရသည်။ ကိုသိန်းလှရှိမှသာ သူတို့အလုပ်အဆင်ပြေမည်ဖြစ်သည်။ လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ လုပ်ဖော်ကိုင်ဖက်များ တွေ့လိုတွေ့ငြားကြည့်လိုက်သေးသည်။ မည်သူမှမရှိ။ အားလုံး နားနေကြလိမ့်မည်ဖြစ်သည်။ စိတ်ပျက်လက်ပျက်ဖြင့် ကားမှတ်တိုင်ဆင်ဝင်အောက်တွင် မိုးခိုရင်းထိုင်နေလိုက်သည်။ မိသားစုအတွက်ဆိုသည့်ဆန္ဒ ပြင်းပြနေသည်မို့ ရင်ထဲမောသလိုလိုဖြစ်လာသည်။ မလှမ်းမကမ်းတွင်တွေ့ရသော ရေအိုးစင်မှ ရေသွားသောက်ရန်အတွက် ထိုင်နေရာမှထလိုက်သည်။ ထိုစဉ်မှာပင် မမျှော်လင့်သောမြင်ကွင်းတစ်ခုက သူ၏ရှေ့တွင် ဖြစ်ပျက်သွားခဲ့သည်။

ကားတစ်စီး၏ဘရိတ်အုပ်လိုက်သံနှင့်အတူ စူးစူးဝါးဝါးအော်သံတစ်ချက်။ ထို့နောက် မိုးရေစက်များကြားမှ လွင့်စဉ်လာသောသွေးများ။ ထို့အတူ သူ့လက်ထဲမှကိုင်ထားသော သောက်ရေခွက်လေးသည်လည်း ကစဉ့်ကလျားဖြင့် လိမ့်ကျသွားခဲ့ရတော့သည်။ သူ၏ခြေလှမ်းများသည်လည်း။

(၄)

"ကျေးဇူးတင်ပါတယ်ရှင်။ ကားတိုက်တဲ့သူက ထွက်ပြေးသွားပေမဲ့ အစ်ကိုကူညီလို့ ကျွန်မသားလေး အသက်ရှင်ရတာပါ"

ကျေးဇူးတင်စကားပြောနေသော အမျိုးသမီးကို သူပြုံးရင်းပင်ကြည့်နေလိုက်သည်။ သူ့ရှေ့တွင် ဖြစ်ပျက်သွားသောအရာတစ်ခုအတွက် သူဥပေက္ခာမပြုနိုင်ပေ။ ကားတိုက်ပြီးပြေးသွားသူများမှာလည်း အပြစ်မရှိပါ။ မောင်းလာသောကားရှေ့ ကမန်းကတန်းပြေးဝင်လာသောကြောင့်သာ တိုက်ခဲ့ရခြင်းဖြစ်သည်။ အချိန်မီဘရိတ်အုပ်လိုက်နိုင်ခြင်းသာ ပွတ်တိုက်သွား၍တော်သေးသည်။

"ကဲ ကျွန်တော်ပြန်တော့မယ်"

ဆေးရုံထိ လိုက်ပို့ပေးပြီးပြီမို့ သူပြန်ရန် နှုတ်ဆက်လိုက်သည်။ ထိုစဉ် ထိုအမျိုးသမီးက သူ၏လက်ထဲသို့ စာအိတ်လေးတစ်လုံးထည့်ပေးလာသည်။ အထဲတွင် ပိုက်ဆံများပါပြီး သူ့ကိုကျေးဇူးတင်သည့်အနေဖြင့်ပေးမှန်း သူသိသည်။ ဘယ်လောက်ပါသည် မသိသော်လည်း ထိုအမျိုးသမီး၏ချမ်းသာကြွယ်ဝမှုကို မြင်တွေ့နေရသည့်အတွက် နည်းလိမ့်မည် မဟုတ်မှန်းသိသည်။ မိသားစုအတွက် အဆင်ပြေသွားပြီဆိုသည့် ပီတိစိတ်လေးဖြစ်မိသည်။ သို့သော်လည်း သူ၏ကူညီလိုက်ခြင်းသည် မည်သည့်အကျိုးအမြတ်ကိုမှ လိုလား၍မဟုတ်ပေ။ စေတနာသက်သက်ဖြင့်သာ ရလာမည့်ကုသိုလ်ကိုပဲ သူလိုချင်မိသည်။ မိသားစုအတွက်ဆိုသောသိစိတ်သည် ကုသိုလ်အကျိုးအတွက်ဟူသောသိစိတ်၏ စိုးမိုးမှုအောက်တွင် အရောင်ပြယ်သွားခဲ့ရသည်။

မိသားစု၏မျက်နှာကို မြင်ယောင်မိသလို ဆန်ဖိုးဆီဖိုးများနှင့် ကြက်သားဟင်းစားချင်သော သားငယ်လေး၏စကားသံများကိုလည်း ကြားယောင်လာမိပြန်သည်။ ဆုံးဖြတ်ရခက်နေသော ဝေခွဲမှုများက သူ့အတွက် ပင်ပန်းလှသည်။ နောက်ဆုံး သူဆုံးဖြတ်ချက်ချလိုက်သည်။ သူ၏အဖြူရောင်ကုသိုလ်များကို မိသားစုအတွက်မျှဝေရန်သာဖြစ်သည်။ စာအိတ်ကို သူပြန်ပေးလိုက်သည်။

"မဟုတ်တာအစ်ကိုရယ်။ အစ်ကို စေတနာသက်သက်နဲ့ကူညီတယ်ဆိုတာ ကျွန်မသိပါတယ်။ အခုက အစ်ကို့ရဲ့စေတနာကို တန်ဖိုးဖြတ်တာမဟုတ်ပါဘူး"

"ရပါတယ်ဗျာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့"

"အစ်ကိုက စေတနာသက်သက်နဲ့ ကူညီပေမဲ့ ကျေးဇူးတရားဆိုတဲ့အရာအတွက် ကျွန်မတို့မှာလဲ ကျေးဇူးပြန်ဆပ်ရမယ်ဆိုတဲ့ အသိစိတ်လေးတော့ရှိသင့်တယ်လေ။ လက်ခံပေးပါနော်"

ငြင်း၍လည်းမရတော့သည်မို့ စာအိတ်လေးကိုယူပြီး ဆေးရုံဝင်းထဲမှထွက်ခဲ့သည်။ မိုးအနည်းငယ်ရွာနေသည်ကိုမြင်တော့ ကားတိုက်သည့်နေရာတွင် ထီးစုတ်ကြီးကျန်ခဲ့ကြောင်း သတိထားမိလိုက်သည်။

မိုးရေထဲတွင် လမ်းလျှောက်ပြီးပြုံးလိုက်မိသည်။ စာအိတ်လေးကိုအင်္ကျီအတွင်းသို့ ထည့်လိုက်သည်။ မိသားစုအပေါ်တွင်ထားသော စေတနာသိစိတ်နှင့် မည်သည့်အကျိုးမှမမျှော်ဘဲ အဖြူရောင်ကူညီမှုများကြောင့်ရလာသော ကုသိုလ်အကျိုးများဟုသာ သူသတ်မှတ်လိုက်သည်။ မိသားစုအတွက် အဆင်ပြေသွားသည်ဟူသော အတွေးကလည်း လမ်းလျှောက်ရင်းခွန်အားတိုးစေခဲ့သည်။ လမ်းလျှောက်လာရင်းနှင့် ကားမှတ်တိုင်အနားရောက်တော့ ထီးစုတ်ကြီးက ရှိသေးသည်။

တကယ်တော့ ကားတိုက်ခံရသည်မှာ အိမ်မွေးခွေးလေးတစ်ကောင်ပင်ဖြစ်သည်။ ကားမောင်းသူထွက်ပြေးသွားသော်လည်း ခွေးကလေးကို သူဥပေက္ခာမပြုနိုင်ခဲ့ပေ။ တိရစ္ဆာန်ပေမဲ့ သတ္တဝါတစ်ခုကိုကူညီကောင်းသည်ဟု သူမှတ်ယူထားသောကြောင့် ခွေးလေးကို ကယ်ယူနေစဉ်မှာပင် ခွေးပိုင်ရှင်အမျိုးသမီးနှင့်တွေ့ခဲ့ခြင်းဖြစ်သည်။

ကုသိုလ်စိတ်၏လက်ငင်းအကျိုးပေးပုံကိုလည်း သူသိခဲ့ရပြီဖြစ်သည်။ ထို့နောက် သူ၏ ထီးစုတ်ကြီးကို တယုတယနှင့် ပြန်လည်ကောက်ယူလိုက်တော့သည်။ မိုးလည်း တိတ်သွားခဲ့ပြီဖြစ်သည်။

# အရာတော်မြို့နယ်တွင် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၈၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၈၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၂၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၈၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အရာတော်မြို့နယ်မှာ နွေနှမ်း ဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အထွက်နှုန်း ကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမို ဖြစ်ထွန်းလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကျေးသီးမြို့နယ်၌ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပ

**ကျေးသီး မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေပြီး အဆင်ပြေလွယ်ကူစေရန် ရည်ရွယ်၍ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် သုံးသပ်ဆွေးနွေးပွဲတွင် ဆွေးနွေးရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာများမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ ကျေးရွာမတည် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များက အုပ်စုများဖွဲ့၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို အပြန်အလှန်အကြံပြုဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များအပေါ် ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**



# မင်းလှမြို့နယ် ကရင်တအိမ်ကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေခင်းခြင်းနှင့် ရေသန့်စင်စက် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ မေ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာအုပ်စု ကရင်တအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့်ဆောင်ရွက်သော ကျေးရွာတွင်း ဂဝံမြေခင်းခြင်းနှင့် ရေသန့်စင်စက်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများသည် ကရင်တအိမ်ကျေးရွာ လမ်းကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ လမ်းအရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေသန့်စင်စက်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ကရင်တအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာတွင်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံကိန်းအတိုးရငွေကျပ် ၃၆ ဒသမ ၅၄၃၅၂ သန်းမှ ငွေကျပ် ၁၁ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ် ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းသန်းဇိုး**

## ပြည်ကျိုးဆောင်သည့်မီးသတ်သမား

- တို့ရပ်ရွာဒေသအတွင်း
  မီးဘေးကင်းအောင်အမြဲသာ၊
  မီးသတ်သမားတို့စွမ်းဆောင်အား
  ကိုးစားဖွယ်ရာ၊
  'မီးသတိပြုကြပါ'
  နှိုးဆော်ရုံမက၊
  မီးလောင်လျှင်လျင်မြန်ပြေး
  ငြိမ်းသတ်ပေးခြင်းများလည်း
  ပြုငြားသည်ပ။

- မီးဘေးသာမက
  သဘာဝဘေးကြုံလာလျှင်၊
  ဖေးကူရှာဖွေကယ်ဆယ်ခြင်း
  ဆောင်ကြဉ်းအစဉ်၊
  ရပ်ရေးရွာရေးများစွာတွင်
  ပါဝင်ကာဝန်တာမပျက်၊
  တက်ကြွစွာလှုံ့လပွား
  အားသွန်ဆောင်ရွက်။

- နိုင်ငံတော်အရန်အင်အား
  မီးသတ်သမားတို့စွမ်းဆောင်နေ၊
  ရပ်ရွာနှင့်ပြည်အကျိုး
  သယ်ပိုးမှုတွေ၊
  တွေးရှု၍ကြည့်လျှင်မသွေ
  မြင်သာလှပေများပြား၏၊
  ပြည်ကျိုးဆောင်မီးသတ်သမားဟု
  ဆိုငြားဖွယ်တည့်။ ။

**မနော်သစ်(ပခုက္ကူ)**

# မိတ္ထီလာမြို့နယ် လှည်းပွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မိတ္ထီလာ မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှည်းပွဲကျေးရွာအုပ်စု လှည်းပွဲကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှည်းပွဲကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၄၄၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ဦးကို ငွေကျပ် ၆၆သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးကို ငွေကျပ် သိန်း ၅၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ယူကရိန်းအရေးတွင် အကျပ်အတည်းကြုံတွေ့လာရသော အမေရိကန်

## မောင်သောင်းဝင်း(တမန်ဟောင်း)

အမေရိကန်အထက်လွှတ်တော်သည် ၂၀၂၄ခုနှစ် ဧပြီ၂၃ရက်တွင် ယူကရိန်း၊အစ္စရေးနှင့်တရုတ်(ထိုင်ပေ)တို့အတွက် ပြည်ပအကူအညီရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၃ဘီလီယံကို အတည်ပြုပေးခဲ့သည်။ အောက်လွှတ်တော်တွင် နိုင်ငံရေးဆိုင်ရာအငြင်းပွားမှုများဖြစ်ပေါ်နေမှုကြောင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး လအတန်ကြာ ကြန့်ကြာနေခဲ့ပြီးနောက် ထိုကဲ့သို့ အတည်ပြုခဲ့ခြင်းဖြစ်သည်။ ၎င်းရန်ပုံငွေများအနက် ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံ၊ အစ္စရေးနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံနှင့် တရုတ်(ထိုင်ပေ)အတွက် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် အသုံးပြုသွားမည်ဖြစ်သည်။ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ၎င်းအနေဖြင့်ရက်အနည်းငယ်အတွင်း ဘဏ္ဍာငွေသုံးစွဲခွင့်ဥပဒေမူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

၂၀၂၄ ခုနှစ် ဧပြီလအစောပိုင်းတွင် ယူကရိန်းသမ္မတဇီလန်စကီးက အမေရိကန်ကွန်ကရက်အနေဖြင့် ယူကရိန်းနိုင်ငံကို အကူအညီမပေးလျှင် ယူကရိန်းအနေဖြင့်စစ်ပွဲတွင် ရှုံးနိမ့်လိမ့်မည်ဖြစ်ကြောင်း ပြောဆိုကာ အမေရိကန်မှ အကူအညီတောင်းခံခဲ့သည်။ မကြာသေးမီလများအတွင်း ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံအပေါ် ဗုံးကြဲတိုက်ခိုက်မှုများ တိုးမြှင့်ဆောင်ရွက်လာခဲ့ပြီး လွန်ခဲ့သောနှစ်အတွင်း ရုရှားနှင့် ယူကရိန်းတို့ကြား တိုက်ပွဲနယ်မြေသည် ပိုမိုကျဉ်းမြောင်းလာခဲ့သည်။

အမေရိကန်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရုရှား-ယူကရိန်းအထူးစစ်ဆင်ရေး စတင်ကတည်းက ယူကရိန်းနိုင်ငံကို အကြီးမားဆုံးပံ့ပိုးကူညီလျက်ရှိသည့် တစ်ခုတည်းသောနိုင်ငံပင်ဖြစ်သည်။ ထိုအချိန်မှစ၍ အမေရိကန်သည်ငွေကြေး၊ စစ်ဘက်ဆိုင်ရာအသုံးအဆောင်များနှင့် စက်ပစ္စည်းများအပြင် စားနပ်ရိက္ခာနှင့် အခြားသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၃ ဘီလီယံ ပံ့ပိုးကူညီခဲ့ပြီးဖြစ်သည်။

အမေရိကန်အောက်လွှတ်တော်တွင် ပြည်ပအကူအညီများနှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရန်ကြန့်ကြာနေသည့်အချိန်တွင် ယူကရိန်းအတွက် အထောက်အပံ့နှင့် ခဲယမ်းအကူအညီများကို အကန့်အသတ်ဖြင့် ကူညီခဲ့သည်။ ထို့ကြောင့် ရုရှားနိုင်ငံသည် စစ်လက်နက်ပစ္စည်းများစုပုံရန် အခွင့်အလမ်းရရှိခဲ့သည်။ ယူကရိန်းနိုင်ငံကို ပြည်ပအကူအညီများ ပေးအပ်ရန် နှောင့်နှေးကြန့်ကြာနေခြင်းသည် ရုရှားသမ္မတပူတင်ကို အီရန်မှပဲ့ထိန်းဒုံးကျည်များ ဝယ်ယူရန်စီမံကိန်းကို ရှေ့ဆက်ဆောင်ရွက်ရန် အခွင့်အလမ်းရရှိစေခဲ့သည်။ ရုရှားနိုင်ငံသည် အီရန်နိုင်ငံမှ တာတိုပစ်ပဲ့ထိန်းဒုံးကျည်ဝယ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ ဂျွန်ကီရာဘိုင်က ၂၀၂၄ ခုနှစ် ဇန်နဝါရီလအစောပိုင်း၌ ပြောကြားသွားခဲ့သည်။

အမှန်တော့ ရုရှားနိုင်ငံသည် အီရန်မှဒရုန်းများနှင့် မြောက်ကိုရီးယားမှ ပဲ့ထိန်းဒုံးကျည်များ ဝယ်ယူထားရှိပြီးဖြစ်သည်။ ယူကရိန်းတပ်ဖွဲ့များသည် တာတိုပစ်ခဲယမ်းများ ပြတ်လပ်သွားသောကြောင့် နိုင်ငံအရှေ့ပိုင်းရှိ အဓိကခံစစ်နေရာဖြစ်သည့်Avdiivaka ကို ရုရှားတို့လက်ဝယ်သို့ စွန့်လွှတ်ခဲ့ရသည်။

အမေရိကန်မှ အကူအညီမရရှိလျှင် ယူကရိန်းနိုင်ငံသည် ပဋိပက္ခတွင် ရုရှားနိုင်ငံကို ရှုံးနိမ့်စေနိုင်သည့် မဟာဗျူဟာမြောက် အားနည်းချက်များကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ အကျိုးဆက်အနေဖြင့် ရုရှားနိုင်ငံသည် အနီးအနားရှိ NATO အဖွဲ့ဝင်နိုင်ငံများကိုပင်လျှင် တိုးမြှင့်ခြိမ်းခြောက်လာနိုင်မည်ဖြစ်သည်။

အမေရိကန်အနေဖြင့် ယူကရိန်းနိုင်ငံကို ကူညီနေရသည့်အကြောင်းတရားများစွာရှိပြီး တစ်ချက်မှာ အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာ အာဏာဖြန့်ကြက်မှုတွင် တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင်ရလျက်ရှိသောကြောင့်ပင်ဖြစ်သည်။ ရုရှားနှင့် တရုတ်ခေါင်းဆောင်များသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ယူကရိန်း အထူးစစ်ဆင်ရေးမဖြစ်ပွားမီ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးများကို ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် ၎င်းတို့အနေဖြင့် အာရှနှင့်ဥရောပတစ်ဝန်းတွင် ၎င်းတို့၏ ပူးတွဲလုံခြုံရေးလုပ်ငန်းစဉ် ခိုင်မာအားကောင်းစေမည့် နည်းလမ်းများရှာဖွေသွားလိုကြောင်း ၂၀၂၄ ခုနှစ် ဧပြီ ၉ ရက်က ထုတ်ပြန်ကြေညာသွားခဲ့သည်။



အမေရိကန်အနေဖြင့် ယူကရိန်းနိုင်ငံအတွက် အသုံးပြုမည့် အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံ၏ သုံးပုံတစ်ပုံကျော်ရှိသည့်အသုံးစရိတ်တွင် အမေရိကန်စစ်တပ်အတွက် လက်နက်နှင့်ခဲယမ်းစနစ်များ ပြန်လည်ဖြည့်တင်းသွားမည့် အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်လည်း ပါဝင်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် အမေရိကန်ကာကွယ်ရေးမူဝါဒဆိုင်ရာဥပဒေကြမ်းကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းဥပဒေကြမ်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ မှ ၂၀၂၃ ခုနှစ် ဇွန်လထိ အမေရိကန်ဒေါ်လာ ၈၈၆ ဘီလီယံ သုံးစွဲရန်ခွင့်ပြုထားသည်။ ၎င်းအသုံးစရိတ်တွင် တပ်ဖွဲ့ဝင်များအတွက် လစာစရိတ်သည် ၅ ဒသမ ၂ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပြီး ယူကရိန်း၏တန်ပြန်ထိုးစစ်ကို ပံ့ပိုးကူညီရန် အမေရိကန်ဒေါ်လာသန်း ၈၀၀ တို့ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် စစ်ရေယာဉ်၊ လေယာဉ်နှင့် ခဲယမ်းအမျိုးမျိုးဝယ်ယူရေးအတွက်လည်း ခွင့်ပြုသွားမည်ဖြစ်သည်။ အထူးသဖြင့် ယူကရိန်းနိုင်ငံသို့ ပံ့ပိုးနေသောလက်နက်ခဲယမ်းများဖြည့်ဆည်းရေးအတွက်လည်း ဝယ်ယူသွားမည်ဖြစ်သည်။

ရီပတ်ဘလစ်ကန်များက အမေရိကန်သည် ယူကရိန်းနိုင်ငံကိုအကူအညီများ အလွန်အကျွံ ပေးအပ်လျက်ရှိသည်ဟု ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ပြောဆိုမှုများရှိခဲ့သော်လည်း အမေရိကန်အများစုကမူ ယူကရိန်းနိုင်ငံကို ကူညီနေမှုကို ထောက်ခံလျက်ရှိကြသည်။ နိုင်ငံရေးသမားများအနေဖြင့် ပြည်သူများ၏သဘောထားအမြင်အတိုင်း အမြဲတစေလိုက်ပါ လုပ်ဆောင်ခြင်းမရှိသော်လည်း ယူကရိန်းနိုင်ငံကိုကူညီရာတွင် အမေရိကန်တို့အနေဖြင့် ခိုင်လုံသောအကြောင်းပြချက်များရှိနေမည်မှာ သံသယဝင်ရန် မလိုသောကိစ္စပင်ဖြစ်သည်။

ထိုအတောအတွင်း NATO အဖွဲ့သည် ယူကရိန်းနိုင်ငံတွင် တိုက်ခိုက်ရေးတပ်ဖွဲ့များစတင် ဖြန့်ကြက်လျက်ရှိသည်။ ပိုလန်၊ ပြင်သစ်၊ ဗြိတိန်၊ ဖင်လန်နှင့် အခြားသော NATO အဖွဲ့ဝင်နိုင်ငံများမှ တပ်ဖွဲ့ဝင်များသည် ယူကရိန်းနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။ NATO အဖွဲ့ကမူ တိုက်ခိုက်ရေးတပ်ဖွဲ့များ မဟုတ်ကြောင်းနှင့် အနောက်နိုင်ငံများမှ ကူညီထားသည့် ခေတ်မီလက်နက်များကို ကိုင်တွယ်မည့် တပ်ဖွဲ့ဝင်များဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အနေဖြင့် ပြည်သူလူထုထောက်ခံချက်ရရှိရေးအတွက် ယူကရိန်းသို့ NATOတပ်ဖွဲ့ဝင်များစေလွှတ်မှုကို ဆန့်ကျင်ကြောင်း ပြောဆိုလျက်ရှိသည်။ စင်စစ်အားဖြင့် ဂျိုးဘိုင်ဒင်သည် သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရပြီးနောက်အမေရိကန်စစ်သားများကို ယူကရိန်းနိုင်ငံသို့ စေလွှတ်သည့်အမိန့်ထုတ်ပြန်မည်မှာ အသေအချာပင်ဖြစ်သည်။

အမေရိကန်၏အမျိုးသားလုံခြုံရေး ထူထောင်မှုသည် ယူကရိန်းနိုင်ငံတွင် ရုရှားအောင်မြင်မှုရရှိလာမှုကို စိုးရိမ်ပူပန်သောကြောင့်ပင်ဖြစ်သည်။ ရုရှားအောင်မြင်မှုရရှိလာမည်ဆိုလျှင် အမေရိကန်နှင့် NATO အဖွဲ့အတွက် ကြီးမားသောထိုးနှက်မှုဖြစ်လာမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ရုရှားတပ်ဖွဲ့သည် ယူကရိန်းအထူးစစ်ဆင်ရေးမစတင်မီအချိန်ကထက် ၁၅ ရာခိုင်နှုန်း ပိုမိုကြီးမားလာခဲ့ပြီးဖြစ်သည်။ ရုရှားတပ်ဖွဲ့များသည် အမေရိကန်လက်နက် နည်းပညာများကို ကိုင်တွယ်နိုင်သည့် အတွေ့အကြုံများလည်း ရရှိလာပြီဖြစ်သည်။

ထိုအတောအတွင်း NATO အဖွဲ့သည် လက်နက်၊ လူနှင့်စစ်မှုအင်အားတို့တွင် ရုရှားတို့ထက် များစွာနောက်ကျကျန်ရစ်နေပြီဖြစ်သည်။ ထို့ပြင် လက်နက်ခဲယမ်းသိုလှောင်ထားမှုမှာလည်း များစွာနည်းပါးလာပြီး အမျိုးသားကာကွယ်ရေးအတွက် ရည်ရွယ်ထားသည့်လက်နက်ခဲယမ်းများကို ယူကရိန်းသို့ ပေးပို့ခဲ့ရသဖြင့် ကာကွယ်ရေးဆိုင်ရာလစ်ဟာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရုရှား-ယူကရိန်းပဋိပက္ခတွင် ယူကရိန်းအနေဖြင့် ရုရှားကိုရှုံးနိမ့်ခဲ့မည်ဆိုလျှင် တပ်မတော်ပြိုကွဲသွားမည်ဟု အမေရိကန်အမျိုးသားလုံခြုံရေးထူထောင်မှု၌ သုံးသပ်ထားရှိသည်။ ယူကရိန်းနိုင်ငံရှိ တချို့သော တပ်မဟာများသည် ၎င်းတို့တပ်မှူးများ၏ အမိန့်ပေးညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှုမရှိတော့ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ရုရှားနိုင်ငံသည် ပကတိအခြေအနေကို သိရှိထားပြီး ပြည်ပတပ်ဖွဲ့များကို ပစ်မှတ်ထားတိုက်ခိုက်နေသလို ယူကရိန်းတပ်ဖွဲ့များကိုလည်း တိုက်ခိုက်လျက်ရှိသဖြင့် သေကျေထိခိုက်မှုများပြားလျက်ရှိသည်။ ယူကရိန်းနိုင်ငံအနေဖြင့် ပဋိပက္ခအတွင်း တပ်ဖွဲ့ဝင် ၅၀၀၀၀၀ ခန့် သေကျေထိခိုက်ဒဏ်ရာရရှိခဲ့ပြီးဖြစ်ကြောင်းနှင့် နေ့စဉ်ထိခိုက်မှုများလည်းရှိကြောင်း ရုရှားတို့က ပြောကြားသွားခဲ့သည်။

သို့သော် NATO အဖွဲ့အနေဖြင့် အကြံပေးအဖွဲ့များစေလွှတ်ပြီး ယူကရိန်း၏တပ်ဖွဲ့များအတွင်းရှိ လစ်ဟာချက်များကို ဖြည့်ဆည်းရန်နှင့် ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲပြီးနောက် အမေရိကန်တပ်ဖွဲ့များစေလွှတ်မှုကို စောင့်စားရင်းယူကရိန်းနိုင်ငံကိုကူညီသွားရန် ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။ ရုရှားနိုင်ငံအနေဖြင့် ထိုအခြေအနေကို သိရှိသဘောထားပြီးဖြစ်သည့်အတွက် ဂျိုးဘိုင်ဒင်ထပ်မံ မရွေးကောက်ခံရမီအချိန်အတွင်း ယူကရိန်းတပ်မတော်ကို ဖြိုခွင်းသွားရန် အရှိန်မြှင့်ကြိုးပမ်းလျက်ရှိသည်။ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားတို့အနိုင်ရရှိခဲ့မည်ဆိုလျှင် ဥရောပနိုင်ငံများသည် ကြီးမားသောစစ်ပွဲကြီးတစ်ခုကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ အမေရိကန်တပ်ဖွဲ့များပါဝင်လာမည်ဆိုလျှင် ဥရောပဒေသသည် တတိယကမ္ဘာစစ်ကြီးအတွင်းသို့ နစ်မြုပ်သွားရတော့မည်ဖြစ်ပေသည်။

ဆိုရလျှင် အထူးသဖြင့် ရုရှားနိုင်ငံသည် အမေရိကန်ရွေးကောက်ပွဲမတိုင်မီ ယူကရိန်းနိုင်ငံကို အပြီးသတ်ချေမှုန်းနိုင်ရေးအတွက် စစ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်လျက် ရှိသည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်း အရေးအပါအဝင် ကမ္ဘာ့ရေးရာများတွင် လူတွင်ကျယ်လုပ်နေသော အမေရိကန်တို့အနေဖြင့် ယူကရိန်းအရေးတွင် တပ်ဖွဲ့များစေလွှတ်ရေး အပါအဝင် အကျပ်အတည်းများ ပိုမိုကြုံတွေ့လာနေရပြီဖြစ်သည်။

**ကိုးကား**

(1) **Deterring China one big reason US aiding Ukraine by Asia Times.**

(2) **NATO starts deploying troops as Russia races to win by Asia Times.**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များမတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၄၀၈၃ ဧက ရိတ်သိမ်းပြီးစီး



**ကသာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောအစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၄၀၈၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ဧက ၁၉၀ တစ်ဧကလျှင် ၃၆ ဒသမ ၃ တင်းနှင့်ဖူးစားပြောင်း ၃၈၉၃ ဧက တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၄၀၈၃ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စိုက်ခင်းတွေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ပြောင်းစိုက်ပျိုးမှုအနေနဲ့လဲ လျာထားဧကထက်တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးခဲ့ကြတယ်"ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၃၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၄၀၈၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောက်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် ရေတာရှည်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မေ ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတာရှည်ကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရေတာရှည်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ရေတာရှည်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးလေး**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်အစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်အစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်ရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းများသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် မတ်လအတွင်းက ပုစွန်အစုံ ပိဿာချိန် ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ပုစွန်အစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်း ပုစွန်အစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေ အပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်အများအပြား တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့ လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲ ရေထွက်ကုန်ပစ္စည်းတွေကို ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလဲ အခက်အခဲမရှိပါဘူး" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခင်ခင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ တစ်ပိဿာဈေးနှုန်းမှာ ပုစွန်ဘော့ချိတ် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၃၅၀၀ မှ ၁၅၅၀၀၊ ပုစွန်ဆိတ်ကြီးငွေကျပ် ၁၅၅၀၀ မှ ၁၆၅၀၀၊ ပုစွန်တုပ် ငွေကျပ် ၂၉၅၀၀မှ ၃၂၀၀၀ စသဖြင့် လတ်ဆတ်မှုအပေါ် မူတည်ပြီး ဈေးအနိမ့်အမြင့်လည်းရှိကြောင်း ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်ခင်ခင်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ကဝမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်လှစ်

**ကဝ မေ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာအရာရှိများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအရာရှိများနှင့် ကဝမြို့နယ်အတွင်းရှိ ခမေကြီးကျေးရွာ၊ မကျက်ကြီးကျေးရွာနှင့် သပြေကန်ကျေးရွာတို့မှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို မေ ၅ ရက်မှ မေ ၂၄ ရက်ထိ စာတွေ့လက်တွေ့ဖြင့် ရက် ၂၀ ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# မိုးညိုမြို့နယ် ဥယျာဉ်စုကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို မေ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဥယျာဉ်စုကျေးရွာ၌ Shwe Bank နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကို မေ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများအနေဖြင့် ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်းနှင့်အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Shwe Bank တို့ ပူးပေါင်း၍ Manual Cash - Based စနစ်အစား Mobile Financial Payment စနစ်အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၃၄ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် သုံးသန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်သုည ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသားဦးရေ ၁၃၅ ဦးကို ငွေကျပ် ၃၈ ဒသမ ၂ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၅-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဖားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၁၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ရုက္ခဗေဒဥယျာဉ်များ အပိုင်း(၁)

ခိုင်ဇင်

ဒီနေ့ခေတ်မှာ အီလက်ထရွန်နစ်ပစ္စည်းတွေဖြစ်တဲ့ ဖုန်း၊ ကွန်ပျူတာနဲ့ ရုပ်မြင်သံကြားတို့လို နည်းပညာကိုအခြေခံထုတ်လုပ်ထားတဲ့အရာတွေဟာ ကြည့်ရှုပါများရင် မျက်စိထိခိုက်စေတဲ့အရာတွေဖြစ်ပါတယ်။ အဲဒီအရာတွေပေါ်မှာ အချိန်ကိုပိုဖြုန်းလာကြတာကိုလဲ တွေ့ရှိကြမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်ပန်းမန်အလှအပတွေကိုပင် မခံစားနိုင်ဖြစ်လောက်တဲ့ထိ အဲဒီနောက်ဆုံးပေါ်နည်းပညာသုံးပစ္စည်းတွေက ဆွဲဆောင်ထားပါတယ်။ အဲဒီဆွဲဆောင်မှုတွေကနေ ရုန်းထွက်ပြီး စိမ်းစိုလန်းဆန်းကာ မျက်စိအေးစေတဲ့ ကမ္ဘာပေါ်ရှိ စိမ်းလန်းတဲ့ ရုက္ခဗေဒဥယျာဉ်တွေကို လေ့လာကြည့်ဖို့ ဖော်ပြလိုက်ပါတယ်။

**စင်ကာပူရုက္ခဗေဒဥယျာဉ်**



စင်ကာပူရုက္ခဗေဒဥယျာဉ်သက်တမ်းဟာ နှစ်ပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်ပါတယ်။ အာရှပိုင်းဒေသမှာရှိတဲ့ စင်ကာပူ ရုက္ခဗေဒဥယျာဉ်ဟာနိုင်ငံရဲ့ အဓိကမိုးသစ်တောတွေရှိရာနေရာမှာ တည်ဆောက်ထားတာဖြစ်ပြီး အဲဒီဥယျာဉ်ထဲမှာ သစ်ခွဥယျာဉ်၊ ချင်းစိုက်ပျိုးရေးခြံဥယျာဉ်၊ ရိုးရာဆေးပညာရပ်ပိုင်းမှာ အဓိကကျတဲ့ ဆေးဖက်ဝင်အပင်တွေကို သေချာစနစ်တကျစိုက်ပျိုးထားပြီး ဥယျာဉ်ရဲ့တည်ဆောက်ပုံမှာ ရှေးလက်ရာတွေပါဝင်နေတဲ့အတွက် အပင်တွေကိုသာမက ဗိသုကာလက်ရာတွေကိုပါ လေ့လာခံစားနိုင်မှာဖြစ်ပါတယ်။ ဥယျာဉ်အတွင်းမှာ သက်တမ်းရင့်သစ်ပင်တွေ၊ ပန်းမျိုးစိတ်ပေါင်း ၁၀၀၀ ကျော်နဲ့ ရုက္ခဗေဒကျွမ်းကျင်ပညာရှင်တွေ ကိုယ်တိုင်မျိုးစပ်ကာ စိုက်ပျိုးထားတဲ့ အပင်မျိုးစိတ်ပေါင်း ၂၀၀၀ ကျော်ကို လေ့လာနိုင်မှာဖြစ်ပြီး စိမ်းစိုလှပနေတဲ့ရှုခင်းက လေ့လာသူတွေကို စိတ်ကြည်နူးမှုကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။

**ဘရွတ်ကလင်းရုက္ခဗေဒဥယျာဉ်**



ဘရွတ်ကလင်းရုက္ခဗေဒဥယျာဉ်ဟာ နယူးယောက်မြို့ရဲ့ ရှုပ်ထွေးလှတဲ့လူနေမှုအဝန်းအဝိုင်းကို ငြီးငွေ့နေသူတွေနဲ့ စိမ်းစိုငြိမ်သက်တဲ့ တိတ်ဆိတ်မှုကို လိုလိုလားလားရှာဖွေသူတွေ သွားကိုသွားသင့်တဲ့ အိုအေစစ်ပမာ အပန်းဖြေနားခိုရာတစ်ခုဖြစ်ပါတယ်။ ဥယျာဉ်ဟာ ဧကပေါင်း ၅၂ ဧကကျော် ကျယ်ဝန်းတာကြောင့် အပန်းဖြေလာရောက်လည်ပတ်ချင်သူတွေ ကောင်းကောင်းအနားယူနိုင်တဲ့အပြင် သစ်ပင်ပန်းမန်အမျိုးအစားပေါင်း ထောင်ချီစိုက်ပျိုးထားပါတယ်။ ဆာကူရာပန်းပွင့်တဲ့ရာသီချိန်မှာ ဆာကူရာပင် ၇၀ ကျော်ကပွင့်တဲ့ ဝေဆာနေတဲ့ ဆာကူရာပန်းအလှကို ခံစားဖို့ လာရောက်လည်ပတ်လေ့ရှိတဲ့ ဥယျာဉ်ဖြစ်ပြီး အဲဒီဥယျာဉ်ရဲ့တည်ဆောက်မှုလက်ရာမှာ ဂျပန်အငွေ့အသက်တွေ လွှမ်းခြုံထားတဲ့အပြင် Primrose နဲ့ Crocuses တို့လို အပင်တွေကို ပြည့်နှက်စွာစိုက်ပျိုးထားပါတယ်။

**လွှိုက်ရုက္ခဗေဒဥယျာဉ်**

လွှိုက်ရုက္ခဗေဒဥယျာဉ်ဟာ အိန္ဒိယနိုင်ငံ ဒါဂျီလင်းမြို့မှာတည်ရှိပြီး



အကျယ်အဝန်းက အကြမ်းဖျင်းအနေနဲ့ ဧက ၄၀ လောက်ကျယ်ဝန်းပါတယ်။ စိမ်းလန်းစိုပြည်တဲ့အပင်တွေနဲ့ လိုက်ဖက်ညီညီလှပနေတဲ့ တောင်စောင်းတွေ၊ ရွှေရောင်သန်းနေတဲ့တောင်တန်းတွေအလှက လွှိုက်ရုက္ခဗေဒဥယျာဉ်ကို ရုက္ခဗေဒဆိုင်ရာ အံ့ဖွယ်နယ်မြေတစ်ခု ဖြစ်လာစေတဲ့အကြောင်းတရားတွေဖြစ်ပါတယ်။ အဲဒီနေရာမှာ ရှားပါးပြီး အဖိုးတန်တဲ့အပင်တွေကို သေချာစိုက်ပျိုးထားပြီး အခြားအပင်မျိုးစိတ်ပေါင်းများစွာကိုလဲ စိုက်ပျိုးထားပါတယ်။ အဲဒီထဲမှာ အဓိကစိုက်ပျိုးထားတာကတော့ ရှားစောင်းလက်ပပ်အနွယ်ဝင် အပင်တွေဖြစ်ပြီး မျိုးစိတ်ပေါင်း ၁၅၀ စိုက်ပျိုးထားပါတယ်။

**Kirstenbosch ရုက္ခဗေဒဥယျာဉ်**



တောင်အာဖရိက ကိတ်ပ်တောင်းမြို့မှာရှိတဲ့ Table Mountain ရဲ့ အရှေ့ဘက်ခြမ်းမှာ တည်ရှိတဲ့ Kirstenbosch ရုက္ခဗေဒဥယျာဉ်ကတော့ တောင်တက်သမားတွေ အဓိကကြိုက်နှစ်သက်ကြတဲ့ ဥယျာဉ်ဖြစ်ပြီး တောင်တက်လေ့ရှိတဲ့နေရာလဲဖြစ်ပါတယ်။ Kirstenbosch ဟာ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲတွေ အများဆုံးရှိတဲ့ဥယျာဉ်တွေထဲက တစ်ခုဖြစ်ပါတယ်။ ၎င်းရဲ့ ထိန်းသိမ်းရေးနည်းပညာသိပ္ပံကြောင့် ဇီဝမျိုးစုံမျိုးကွဲတွေ များစွာရှိနေတာဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်ကတည်းက စိုက်ပျိုးခဲ့တဲ့ ရှားပါးသစ်ပင်ပန်းမန်တွေနဲ့ မျိုးသုဉ်းလုနီးပါး အပင်မျိုးစိတ်တွေကို လေ့လာနိုင်တဲ့ နေရာဖြစ်တဲ့အပြင် ကျောက်တုံးပေါ်မှာ ထွင်းထုထားတဲ့ရင်သပ်ရှုမောဖွယ်ရာပန်းပုလက်ရာတွေကလဲ ဥယျာဉ်ရဲ့အလှကို ပံ့ပိုးပေးနေပါတယ်။

**Jardin Majorelle ရုက္ခဗေဒဥယျာဉ်**



မော်ရိုကို Marrakech မြို့ရဲ့ မြောက်ဘက်ရှိ အထင်ကရလမ်းမကြီးဘေးမှာတည်ဆောက်ထားတဲ့ Jardin Majorelle ရုက္ခဗေဒဥယျာဉ်ဟာ တောက်ပနေတဲ့ အပြာရောင်၊ အဝါရောင်နဲ့ စိမ်းပြာရောင်တို့ခြယ်မှုန်းတည်ဆောက်ထားတာကြောင့် ပိုမိုလှစိတ်ဝင်စားခံရတဲ့ ဥယျာဉ်တစ်ခုဖြစ်ပါတယ်။ အဲဒီဥယျာဉ်ရဲ့ မူလပိုင်ရှင်က ပြင်သစ်ပန်းချီဆရာ Jacques Majorelle ဖြစ်ပြီး ၁၉၂၀ ပြည့်နှစ်မှာ အဲဒီဥယျာဉ်စတင်တည်ဆောက်ခဲ့ကာ သူ့ရဲ့ဘဝလက်ရာတွေကို ဖော်ကျူးခဲ့တာဖြစ်ပါတယ်။ အနုပညာလက်ရာမြောက်မှုဟာ နှစ်ပေါင်း ၆၀ ကျော်ကြာသည့်တိုင် ဥယျာဉ်ရဲ့အပြင်အဆင်ဟာလှပပြီး စိုက်ပျိုးထားတဲ့ ဇီဝမျိုးစုံအပင်တွေလဲ များစွာရှိပါတယ်။ သူ့ရဲ့တည်ဆောက်မှုအနုပညာက လေ့လာသူတွေကို ပိုမိုဆွဲဆောင်မှုဖြစ်စေခဲ့ပါတယ်။ အဲဒီမှာ ပြင်သစ်ဗိသုကာပညာတွေကို ကွက်ကွက်ကွင်းကွင်းလေ့လာနိုင်ပြီး ရှားပါးရှားစောင်းမျိုးနွယ်ပင်မျိုးစိတ်တွေနဲ့ မြောက်အာဖရိကမှ ငှက်မျိုးစိတ် ၁၅ မျိုးကျော်ရှိပါတယ်။

**မွန်ထရီရယ်ရုက္ခဗေဒဥယျာဉ်**



ကနေဒါနိုင်ငံမှာရှိတဲ့ မွန်ထရီရယ် ရုက္ခဗေဒဥယျာဉ်မှာ ဖန်လုံအိမ် ၁၀ လုံးနဲ့ အမျိုးအစားအလိုက် ဇီဝမျိုးစုံတွေကို ခွဲခြားပြသထားပြီး ဥယျာဉ်ငယ်ပေါင်း ၃၀ နဲ့ဖွဲ့စည်းထားပါတယ်။ အပင်ချစ်သူတွေနဲ့ အပင်စိုက်ပျိုးရေးကျွမ်းကျင်သူတွေ အထူးတလည်လာရောက်လည်ပတ်လေ့ရှိပြီး အပင်မျိုးစိတ်အမျိုးအစားပေါင်းများစွာကိုသာမက ရောမအပင်ပန်းပုရုပ်တုတွေပါ တည်ဆောက်ထားတဲ့အတွက် လေ့လာသူတွေကို အလွန်ဆွဲဆောင်နိုင်လွန်းတဲ့ ဥယျာဉ်ကြီးတစ်ခုဖြစ်ပါတယ်။

**Arctic-Alpine ရုက္ခဗေဒဥယျာဉ်**



Arctic-Alpine ရုက္ခဗေဒဥယျာဉ်ဟာ ပုံမှန်ရုက္ခဗေဒဥယျာဉ်တွေလိုမဟုတ်ဘဲ ကမ္ဘာပေါ်မှာ အထူးခြားဆုံးဥယျာဉ်တွေထဲက တစ်ခုလို့ဆိုနိုင်ပါတယ်။ ကျောက်ဆောင်တွေမှာရှိတဲ့ ကျောက်တုံး၊ ကျောက်ပြားတွေကြားမှာ အပင်ဖြစ်ထွန်းဖို့ဆိုတာ မဖြစ်နိုင်တဲ့အခြေအနေမှာတောင်မှ ပန်းပွင့်ရာသီမှာ အရောင်စုံပန်းတွေနဲ့ ဝေဆာလှပဖြစ်ထွန်းနေတာကြောင့် နာမည်ကြီးတဲ့ ရုက္ခဗေဒဥယျာဉ်တစ်ခုဖြစ်ပါတယ်။ အဲဒီရောင်စုံပန်းတွေဟာ မေလကနေ အောက်တိုဘာလအတွင်းမှာ ပွင့်လေ့ရှိပြီး အဲဒီလိုပွင့်တဲ့အခါ အလွန်လှပလွန်းတဲ့အတွက် ခရီးသွားတွေ တကူးတကလာရောက်ကြည့်ရှုလေ့လာလေ့ရှိတဲ့ ဥယျာဉ်တစ်ခုဖြစ်ပါတယ်။

ရုက္ခဗေဒဥယျာဉ်ဆိုတာ သက်ရှိအပင်တွေကိုစုစည်းထားတဲ့ဥယျာဉ်တစ်ခုဖြစ်ပြီး လူသားတွေ၊ အပင်တွေရဲ့ဖြစ်တည်မှု၊ အသက်ရှင်ရပ်တည်မှုတို့ကို လေ့လာနိုင်အောင် ခင်းကျင်းပေးထားတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ရုက္ခဗေဒဥယျာဉ်အများစုဟာ သဘာဝတရားကြီးရဲ့ ရုက္ခဗေဒဆိုင်ရာ ဆက်နွယ်မှုတွေကို အလေးပေးဖော်ကျူးထားတဲ့ စိုက်ခင်းတွေဖြစ်တဲ့အတွက် အနာဂတ်လူငယ်တွေ လေ့လာသင့်တဲ့နေရာတွေပင်ဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါတယ်။

**ကိုးကား**

- **The best botanical gardens in the world**
- **About Botinical Gardens**

# အင်ဒိုနီးရှားနိုင်ငံတွင် ရေကြီးမှုနှင့်မြေပြိုမှုကြောင့် အနည်းဆုံးလူ ၁၄ ဦးသေဆုံး



**ဂျကာတာ မေ ၅**

အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေစီပြည်နယ် လူဝါခရိုင်တွင် မေ ၂ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် အနည်းဆုံးလူ ၁၄ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်ဟု မေ ၄ ရက် သတင်းများအရ သိရသည်။

တောင်ဆူလာဝေစီပြည်နယ် လူဝါခရိုင်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေအမြင့် ၁၀ ပေခန့်ထိ မြင့်တက်ခဲ့ပြီး ရေလွှမ်းမိုးမှုများကြောင့် ခရိုင်ခွဲ ၁၃ ခု၌ ရေနှင့်ရွှံ့နွံများ ဖုံးလွှမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၀၀၀ ကျော်ထိခိုက်ခဲ့ကာ နေအိမ် ၄၂ လုံးမှာ ရေနှင့်အတူ မျောပါပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအကြီးအကဲ မက်ဆီယာနပ်ဘီကာဘယ်က အတည်ပြုပြောကြားခဲ့သည်။

"မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုကြောင့် မြေပြိုမှုတွေပါဖြစ်ပြီး လူ ၁၄ ယောက်သေဆုံးခဲ့ပါတယ်။ ဒါ့ပြင် လူနေအိမ်တွေပါ ထိခိုက်ပျက်စီးပြီး ရေစီးနဲ့မျောပါမှုတွေဖြစ်ခဲ့ပါတယ်။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု ဒေသဆိုင်ရာအကြီးအကဲ မက်ဆီယာနပ်ဘီကာဘယ်က ပြောကြားခဲ့သည်။

ရှာဖွေကယ်ဆယ်ရေး တာဝန်ရှိသူများအနေဖြင့် ရော်ဘာလှေများနှင့် အခြားယာဉ်များကိုအသုံးပြု၍ ဒေသခံများကို ၎င်းတို့၏နေအိမ်များမှ ကယ်ဆယ်နိုင်ရေး လုပ်ဆောင်လျက်ရှိပြီး လူဦးရေ ၁၀၀ ကျော်ကို ရေလွှမ်းမိုးသည့်ဧရိယာများမှ လွတ်ကင်းသည့်နေရာများသို့ ပို့ဆောင်ပေးထားကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဘဒွူမူဟာရီက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**

# ဘရာဇီးသမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် အမေဇုန်မိုးသစ်တောထိန်းသိမ်းရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့

**ဘရာဇီးလီးယား မေ ၅**

ဘရာဇီးနိုင်ငံသို့အလည်အပတ်ရောက်ရှိနေသော ဂျပန်နိုင်ငံဝန်ကြီးချုပ် ဖူမီယိုကိရှီဒါနှင့် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားတို့က ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်သည့်အနေဖြင့် အမေဇုန်မိုးသစ်တောများ ထိန်းသိမ်းရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

ဘရာဇီးသမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ဘရာဇီးနိုင်ငံမြို့တော် ဘရာဇီးလီးယားမြို့တွင် မေ ၃ ရက်ကတွေ့ဆုံခဲ့ကြပြီး တရားဥပဒေစိုးမိုးရေးအပေါ် အခြေခံ၍ နိုင်ငံတကာစည်းမျဉ်းများကို ထိန်းသိမ်းခြင်းလုပ်ငန်းများ အားကောင်းစေရန် အတူတကွလုပ်ဆောင်ရန် သဘောတူခဲ့ကြသကဲ့သို့ အမေဇုန်မိုးသစ်တောကို ထိန်းသိမ်းရန်၊ သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သောစိုက်ပျိုးရေးကိုမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များပါဝင်သော Japan-Brazil Partnership Initiative ကိုတည်ထောင်ကြောင်း အတည်ပြုခဲ့သည်။

ဇီဝလောင်စာ အသုံးပြုမှုကို မြှင့်တင်ခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုကြားနေမှုကိုရရှိစေရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ပြီး အထူးသဖြင့် ဘရာဇီးနိုင်ငံမှ ထုတ်လုပ်သည့် ကြံမှရရှိသော စွမ်းအင်ကို ဂျပန်ကားများအတွက် ဟိုက်ဘရစ်နည်းပညာဖြင့် ချိတ်ဆက်ခြင်းဖြင့် ဇီဝလောင်စာနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် လာမည့်နှစ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ညီလာခံကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်ရှိ တွန်တိုအမျိုးသားသစ်တောဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၂၄၀ ကျော် ပျက်စီး

**ဝါရှင်တန် မေ ၅**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဖောင်တိန်တောင်အနီးရှိ တွန်တိုအမျိုးသားသစ်တောဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၂၄၀ ကျော် မီးလောင်ကျွမ်းပျက်စီးသွားခဲ့ကြောင်း အရီဇိုးနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် တွန်တိုအမျိုးသားသစ်တောဥယာဉ်မှ ဖောင်တိန်တောင်၏မြောက်ဘက်ပိုင်း ၁၅ မိုင်ခန့်အကွာထိ ကူးစက်လောင်ကျွမ်းနေပြီး ရှေ့ဆက်ကူးစက်လောင်ကျွမ်းသွားနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာထက် တောမီးဆက်လက်ကူးစက်လောင်ကျွမ်းနိုင်သည့်နေရာများကို အဓိကငြိမ်းသတ်ပေးလျက်ရှိကြောင်း အရီဇိုးနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ မြေပြင်ကနေ မီးသတ်ကားလေးစီးနဲ့ ကြိုးစားငြိမ်းသတ်နေသလို အဓိကမီးလောင်ကျွမ်းတဲ့နေရာတွေကို ထိန်းချုပ်နိုင်ဖို့အတွက် ရဟတ်ယာဉ်သုံးစင်းနဲ့ မြေပြင်မီးသတ်တပ်ဖွဲ့တွေကို ညွှန်ကြားမှုတွေ ပြုလုပ်ပေးနေပါတယ်။ လာမဲ့ ၂၄ နာရီအတွင်း တောမီးကို ထိန်းချုပ်နိုင်ဖွယ်ရှိနေပါတယ်"ဟု အရီဇိုးနားပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**



# ဩစတြေးလျနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လာဖွယ်ရှိနေ

**ကင်ဘာရာ မေ ၅**

ဩစတြေးလျနိုင်ငံ အရှေ့ဘက်ပိုင်းကမ်းခြေများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်လာဖွယ်ရှိနေကြောင်း Grim Weather အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများရ သိရသည်။

ဆစ်ဒနီမြို့တွင် မိုးရေချိန်အမြင့်ဆုံးမြင့်တက်လာဖွယ်ရှိနေပြီး မြင့်တက်လာနိုင်သည့် မိုးရေချိန်မှာလည်း ၆၀ မီလီမီတာမှ စတင်မြင့်တက်လာဖွယ်ရှိနေကြောင်း၊ မေ ၆ ရက် သို့မဟုတ် နောက်ပိုင်းကာလများတွင် ရေကြီးရေလျှံမှု ဆိုးရွားစွာဖြစ်ပေါ်လာနိုင်ကြောင်း၊ မိုးရေချိန်သည်လည်း ၆၀ မီလီမီတာ မှ ၁၅၀ မီလီမီတာထိ မြင့်တက်သွားဖွယ်ရှိနေပြီး ဩစတြေးလျအရှေ့ဘက်ပိုင်းပြည်နယ်များတွင် ရေကြီးရေလျှံမှုအခြေအနေဆိုးရွားလာနိုင်ကြောင်း Grim Weather အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဒီနေ့ နေရာတချို့မှာ မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒီနေ့နောက်ပိုင်းမှာတော့ မိုးရေချိန်မြင့်တက်လာပြီး နေရာအနှံ့မိုးသည်းထန်စွာရွာသွန်းလာနိုင်ပါတယ်။ မိုးရေချိန်ဟာ ၆၀ မီလီမီတာကနေ စတင်ပြီးတော့ ၁၅၀ မီလီမီတာထိ မြင့်တက်သွားနိုင်ပါတယ်။ မိုးရေချိန် မြင့်တက်လာတာနဲ့အမျှ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပြီး အဆိုးရွားဆုံး ရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်သွားရဖွယ်ရှိနေပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းနိုင်တဲ့နေရာတွေကတော့ နယူးဆောက်ဝေးပြည်နယ်၊ ကွင်းစလန်းပြည်နယ်ရဲ့ ကမ်းခြေဒေသတွေပဲဖြစ်ပါတယ်"ဟု ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိုင်လာဝါရာခရိုင်တွင်လည်း မိုးရေချိန်မြင့်တက်မှု လာမဲ့ ၂၄ နာရီအတွင်း စတင်မည်ဖြစ်ပြီး မိုးရေချိန်မှာ ၁၀၀ မီလီမီတာမှ ၁၄၀ မီလီမီတာကြား ရွာသွန်းဖွယ်ရှိနေကြောင်း၊ မိုးရွာသွန်းမှုမှာလည်း ခြောက်နာရီ ဆက်တိုက်ရွာသွန်းဖွယ်ရှိနေကြောင်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အန္တာတိကသမုဒ္ဒရာပိုင်းတွင် အဏ္ဏဝါဆိုင်ရာနှင့် ရေခဲပြင်ဆိုင်ရာသုတေသနလုပ်ငန်းများအတွက် နယူးဇီလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူလက်မှတ်ရေးထိုး

**ဝယ်လင်တန် မေ ၅**

အန္တာတိက သမုဒ္ဒရာပိုင်းတွင် အဏ္ဏဝါဆိုင်ရာနှင့်ရေခဲပြင်ဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် နယူးဇီလန်နိုင်ငံမှ MOU အဖွဲ့အစည်းနှင့် ဂျာမနီနိုင်ငံ Alfred Wegener Institute တို့ကြား ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီချက်လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း နယူးဇီလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လက်ရှိ အန္တာတိကသမုဒ္ဒရာပိုင်းဇုန်တွင် စီမံကိန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး နယူးဇီလန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်း၍ တရုတ်နိုင်ငံကဲ့သို့ အန္တာတိကသမုဒ္ဒရာပိုင်းဇုန်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် အဏ္ဏဝါပိုင်းဆိုင်ရာနှင့် ရေခဲပြင်ဆိုင်ရာ သုတေသနလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် စီစဉ်နေကြောင်း နယူးဇီလန်နိုင်ငံ MOU အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အန္တာတိက သမုဒ္ဒရာပိုင်းဇုန်ဟာ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အရေးပါတဲ့ နေရာတစ်ခုဖြစ်သလို သိပ္ပံပညာရပ်အတွက်လဲ စိတ်ဝင်စားဖို့ကောင်းတဲ့ နေရာဖြစ်ပါတယ်။ အန္တာတိက သမုဒ္ဒရာပိုင်းဇုန်မှာတော့ တရုတ်နိုင်ငံအနေနဲ့ ရည်မှန်းချက်တစ်ခုထိရောက်အောင် သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ထားနိုင်ပြီဖြစ်ပါတယ်။ နယူးဇီလန်နိုင်ငံအနေနဲ့လဲ ဂျာမနီနိုင်ငံနဲ့ပူးပေါင်းပြီး သုတေသနလုပ်ငန်းတွေကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမယ်။ နယူးဇီလန်နိုင်ငံအနေနဲ့လဲ သုတေသနလုပ်ငန်းတွေအတွက် အန္တာတိကသမုဒ္ဒရာပိုင်းဇုန်မှာအခြေစိုက်စခန်းတွေကို ၂၀၁၉ ခုနှစ်ကတည်းက တည်ဆောက်ထားပြီးဖြစ်ပါတယ်။ လက်ရှိအနေအထားအရ အခြေစိုက်စခန်းတွေကို ပြန်လည်ပြင်ဆင်သွားဖို့လိုအပ်နေတယ်"ဟု နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး ဝင်စတန်ပီတာက ပြောကြားသွားခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းအတွက် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် မေ ၄ ရက်က ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နာလီနာနှင့် နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး ဝင်စတန်ပီတာတို့ တွေ့ဆုံ ဆွေးနွေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ဟိုပန်မြို့နယ်အတွင်းရှိ ကျယ်ပန်ကျိုင်း-ကောင်းပျက်-အိုက်ကျော်ပါး ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဟိုပန် မေ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဟိုပန်မြို့နယ်အတွင်းရှိ ကျယ်ပန်ကျိုင်း-ကောင်းပျက်-အိုက်ကျော်ပါး ကျေးရွာချင်းဆက်လမ်း ၇ မိုင် အနက် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၂၆၅ ဒသမ ၂၆၅ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟိုပန်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

**စာမျက်နှာ ၂၂ ကော်လံ ၄** ☐



## LIV Golf Singapore ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကိုပ်ကာ ဆွတ်ခူး



**စင်ကာပူ မေ ၅**

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် LIV Golf Singapore ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကိုပ်ကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဩစတြေးလျဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မက်လိုက်ရှ်မန်းနှင့် ကင်မရွှန်းစမစ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြပြီး ကိုပ်ကာအနေဖြင့် LIV Golf အဖွဲ့ချုပ်နှင့်

**စာမျက်နှာ ၂၂ ကော်လံ ၄** ☆

ဘူးသီးတောင်မြို့ မြို့ပေါ်ရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို လိုလားသည့် ဘင်္ဂါလီလူမျိုးများက AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ဆန္ဒပြ စာမျက်နှာ - ၂၃

ရောဝတီမြစ်ရေ ရုတ်တရက်မြင့်တက်လာနိုင်ခြင်းကြောင့် မြစ်ကမ်းဘေးရှိ ကျေးရွာများ သတိပြုနေထိုင်ကြရန်လိုဟုဆို စာမျက်နှာ - ၂

Quality For You ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၇၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉